# ခေတ်လှိုင်း

## သတင်းလွှာ

- ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်း
- သတင်းအတို
- ပညာရှိအဆိုအမိန့်
- ဟာသ
- ဗေဒင်
- အားကစား
- အနုပညာ

အတွဲ(၄)၊အမှတ်(၃၆)။

၂၀၁၀ ခုနှစ်၊ဩဂုတ်လ(၂၀)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## အတိုးငွေမှန်မှန်ပေးသွင်းသူများအား ချေးငွေဆပ်ရမည့်ကာလ မြန်မာနိုင်ငံသားများဘဏ်က တစ်နှစ်စီတိုးပေးမည်

အတိုးငွေပေးသွင်းမှုမှန်ကန်သူများအား ချေးငွေဆပ်ရမည့် ကာလသက်တမ်းကို တစ်နှစ်စီတိုးပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသားများဘဏ်( MCB)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ "စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဖို့ ငွေချေးကြသူတွေအတွက် အဆင်ပြေအောင်စီစဉ်ပေးတာပါ။ ဒီလိုပြန်ဆပ်ရမယ့်ကာလကို တိုးမြှင့် ပေးတဲ့အတွက် အတိုးလဲမှန်မှန်ပေးလာကြမယ်။ နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်ပါတယ်" ဟု ယင်းကထပ်မံပြောသည်။ အဆိုပါအစီအစဉ်အရ ချေးငွေယူထားသူများအနေဖြင့် သတ်မှတ်ထားသည့် အတိုင်း အတိုးကိုပုံမှန်ပေးသွင်းပါက တစ်နှစ်စီဖြင့် ခြောက်နှစ်သက်တမ်းအထိ တိုးမြှင့်ပေးကာပြန်ဆပ်ရမည့်ချေးငွေပမာဏ၏ နောက်ပိုင်းလေးနှစ်ကာလတွင် ပြန်လည်ဆပ်ရမည်ဖြစ်ကြောင်း သိရသည်။ "အတိုးပုံမှန်ပေးတဲ့သူကိုအရင်းဆပ်ရမယ့်ကာလတစ်နှစ်ထပ်ပိုပေးတယ်ဆိုရင် အဲဒီတစ်နှစ်မှာလဲ အတိုးပုံမှန်ပေးမယ်။ အဲဒီတတိယနှစ်ကျရင်တော့ပုံမှန်အတိုးနဲ့အရင်း၂၅ရာခိုင်နှုန်းဆပ်ရမယ်။ အဲဒါလဲမှန်တယ်ဆိုရင် နောက်တစ်နှစ်ထပ်တိုးပြီးဒီလိုပဲ နှစ်တွေထပ်တိုးပေးပြီး ၂၅ရာခိုင်နှုန်းစီဆပ်ရမှာပါ" ဟု ယင်းကဆိုသည်။ အဆိုပါမြန်မာနိုင်ငံသားများဘဏ်အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏စည်းမျဉ်းစည်းကမ်းများနှင့်အညီချေးငွေများထုတ်ချေးပေးလျက်ရှိကာ၂၀၀၈-၀၉ဘဏ္ဍာရေးနှစ်တွင်ချေးငွေပမာဏသိန်းပေါင်းတစ်သိန်းကျော်ထုတ်ချေးပေးခဲ့ကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၁၇ရက်နေ့ထုတ် Flower News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## အက်ဖ်အီးစီဈေးနှုန်း စံချိန်တင်ကျဆင်း

ရန်ကုန်မြို့တော်ရှိနိုင်ငံခြားငွေကြေးရောင်းဝယ်ရေးဈေးကွက်တွင်အက်ဖ်အီးစီဈေးနှုန်းများစံချိန်တင်ကျဆင်းသွားပြီးအရောင်းအဝယ်နေးကွေးသွားကြောင်းဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ အက်ဖ်အီးစီဈေးနှုန်းများသည် ဇူလိုင်လကတည်းက ဆက်တိုက်ကျဆင်းခဲ့ရာ ယခင်အက်ဖ်အီးစီတစ်ယူနစ်လျှင် ငွေကျပ် ၉၇၀ ရှိခဲ့ရာမှ ယခု ဩဂုတ်လ ၉ရက်နေ့တွင် အက်ဖ်အီးစီတစ်ယူနစ်လျှင် ငွေကျပ် ၉၀၀သို့ ထိုးဆင်းသွားကြောင်း ဈေးကွက်ကျွမ်းကျင်သူ နိုင်ငံခြားငွေကြေးရောင်းဝယ်သူများက ပြောကြားသည်။ " အက်ဖ်အီးစီက ၉၀၀နဲ့၉၁၀ ကျပ်ကြားထဲမှာပဲ ဈေးပေါက်တယ်။ ဈေးတအားထိုးကျသွားတယ် "ဟု ကျောက်တံတားမြို့နယ်မှ နိုင်ငံခြားငွေဝယ်ရောင်းတစ်ဦးကရှင်းပြသည်။ ဈေးနှုန်းများစံချိန်တင်ကျဆင်းသွားသည့်အတွက် အရောင်းအဝယ်နေးကွေးသွားပြီး ဝယ်လက်ရှားပါးကြောင်း ဈေးကွက်သတင်းအချက်အလက်များအရ သိရှိရသည်။ " အက်ဖ်အီးစီ သုံးလို့ရတဲ့ စီးပွားရေးကဏ္ဍနည်းလာတာကြောင့် ဈေးကျတာ။ နဂိုကတည်းက အက်ဖ်အီးစီက ရွှေနဲ့ ဒေါ်လာလို ဝယ်သိမ်းတဲ့ ကုန်ပစ္စည်းမျိုးလည်း မဟုတ်တော့ အသုံးဝင်မှုနည်းလာတဲ့အခါ ဈေးကွက်မှာ ရောင်းလိုအားများလာတဲ့သဘောပဲ " ဟု ဈေးကွက်ကျွမ်းကျင်သူ ကုန်သည်တစ်ဦးက ဆိုသည်။ အက်ဖ်အီးစီကိုတရားဝင်အခွန်ဆောင်ပြီးပို့ကုန်ရငွေအဖြစ် ပြောင်းလဲအသုံးပြုမှုများလည်းရှိကြောင်း ဈေးကွက်သတင်းအချက်အလက်များအရ သိရှိရသည်။ ဇွန်လအတွင်း ဈေးနှုန်းကွာခြားမှုနည်းပါးသောအက်ဖ်အီးစီနှင့်အမေရိကန်ဒေါ်လာမှာယခုအခါ ဈေးနှုန်းကွာဟမှုကြီးမားလာပြီ အမေရိကန်တစ်ဒေါ်လာလျှင် ငွေကျပ် ၉၉၀ ကျော်ဈေးပေါက်ကာ အက်ဖ်အီးစီ တစ်ယူနစ်ဈေးနှုန်းနှင့် ငွေကျပ် ၈၀ ကျော်ကွာဟလျက်ရှိသည်ဟု ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၁၆ရက်နေ့ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပုဂ္ဂလိကအထူးကုဆေးခန်း ၂၉ခု ဆေးရုံယာယီလိုင်စင်ချပေး

ရန်ကုန်မြို့တော်ရှိ ပုဂ္ဂလိကဆေးရုံလိုင်စင်လျှောက်ထားသည့် အထူးကုဆေးခန်း ၅၂ခုအနက် သတ်မှတ် အင်္ဂါရပ်နှင့်ပြည့်မီသည့်အထူးကုဆေးခန်း၂၉ခုကို ပုဂ္ဂလိက ဆေးရုံအဖြစ် ဇူလိုင်လအတွင်း ယာယီလိုင်စင်များ တရားဝင်ထုတ်ပေးခဲ့ပြီး ကျန်အထူးကုဆေးခန်း ၂၃ခုကို ယာယီလိုင်စင်ထုတ်ပေးခြင်းမပြုခဲ့ကြောင်း၊ ပုဂ္ဂလိကဆေးရုံ လျှောက်ထား သူများသည် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဆေးရုံအင်္ဂါရပ် ၂၁ချက်နှင့် ပြည့်စုံမှသာ လျှောက်ထားခွင့်ရှိပြီး ဆေးရုံလိုင်စင်လျှောက်ထားသည့် အထူးကုဆေးခန်းများကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လာရောက်စစ်ဆေး၍ သတ်မှတ်ညွှန်ကြားချက်နှင့် မကိုက်ညီသော ဆေးကုခန်းများကို ပြန်လည်ပြုပြင်စေပြီး သတ်မှတ်ညွှန်ကြားချက်နှင့် ကိုက်ညီသော ဆေးခန်းများကို ယာယီလိုင်စင်ထုတ်ယူခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း၊ ယင်းယာယီလိုင်စင်ထုတ်ပေးပြီးမကြာမီတရားဝင်လိုင်စင်ကိုထပ်မံထုတ်ပေးမည်ဖြစ်ကြောင်းပုဂ္ဂလိကဆေးရုံလိုင်စင်ရရှိခဲ့သည့် အင်းစိန်မြို့နယ်မှ အထူးကုဆေးခန်းပိုင်ရှင်တစ်ဦးကရှင်းပြသည်။"ဆေးကုခန်းတွေကိုစစ်ဆေးတော့တချို့ဆေးကုခန်းတွေကအဆောက်အအုံတွေကကောင်းပါတယ်။ ဒါပေမဲ့ ဆေးရုံအတွင်းမှာရှိတဲ့ ခွဲစိတ်ခန်း၊ မွေးဖွားခန်း၊ အညစ်အကြေးစွန့်ပစ်မှုတွေက သတ်မှတ်ထားတဲ့စံနဲ့မကိုက်ညီဘူး။ ဆေးရုံအုပ်ချုပ်မှုစနစ်၊ကျွမ်းကျင်ပညာရှင်၊ဆရာဝန်တွေမပြည့်စုံသေးဘူး။ ခွဲစိတ်ခန်း၊ မွေးဖွားခန်းသုံးစက်ကိရိယာတွေလည်းမပြည့်စုံသေးဘူး။အဲဒီလိုအားနည်းချက်တွေရှိနေတော့ လောလောဆယ်ဆေးကုခန်းကို ဆေးရုံသတ်မှတ်ပေးဖို့ခက်တယ်။ နောင်ပြုပြင်ပြီးသွားတဲ့အခါ ပြန်တင်ပြပေါ့။ ပြန်စစ်ဆေးပြီး စံညီရင် ဆေးရုံဖြစ်လာမှာပေါ့" ဟု ကြီးကြပ် စစ်ဆေးရေးအဖွဲ့ဝင် ဆရာဝန်ကြီးတစ်ဦးက ဆိုသည်။ အစိုးရကပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ၂၀၀၇ ခုနှစ် ဧပြီလ ၅ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပုဂ္ဂလိက ကဏ္ဍက အားဖြည့်ဝန်ဆောင်မှု ပေးလာခဲ့ရာယခုအခါ ရန်ကုန်မြို့တော်အတွင်း ပုဂ္ဂလိကအထူးကုဆေးခန်းများ အပါအဝင် ဆေးကုခန်း စုစုပေါင်း ၁၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနထံမှ စုံစမ်း သိရှိရကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၁၆ရက်နေ့ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဖုန်းနံပါတ် ဂဏန်းခုနစ်လုံးပါ ကြိုးဖုန်းများကို ကနဦး တပ်ဆင်ခငွေ ကျပ် ၁၀ သိန်းနှုန်းဖြင့် ချထားပေးမည်

ယခင်ထက်ဂဏန်းတစ်လုံးပိုလာသည့် ဖုန်းနံပါတ်ဂဏန်းခုနစ်လုံးပါ ကြိုးဖုန်း (လိုင်းဖုန်း) များကို ကနဦးတပ်ဆင်ခငွေကျပ် ၁၀သိန်းနှုန်းဖြင့်ထပ်မံချထားပေးမည် ဖြစ်ကြောင်း ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာဆက်သွယ်ရေး လုပ်ငန်းမှ သိရသည်။ ရန်ကုန်တိုင်းအတွင်းရှိ လက်ရှိ အသုံးပြုနေသော ကြိုးဖုန်းများသည် ဖုန်းနံပါတ်ဂဏန်းခြောက်လုံး ပါဝင်သောကြိုးဖုန်းကို အသုံးပြုနေခြင်း ဖြစ်ပြီး ယခုနောက်ပိုင်း ချထားပေးမည့် ကြိုးဖုန်းများကိုဂဏန်းခြောက်လုံးမှဂဏန်းခုနစ်လုံးပါဝင်သည့်ဖုန်းနံပါတ်များအဖြစ်သို့ ပြောင်းလဲကာ ထပ်မံချထားပေးမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ကြိုးဖုန်း ခေါ်ဆိုခနှုန်းထားမှာ တစ်မိနစ်လျှင် ၁၅ ကျပ်နှုန်း ဖြစ်သဖြင့် အခြားတစ်မိနစ်လျှင် ၅၀ ကျပ် ကျသင့်သည့် မိုဘိုင်းဖုန်းများထက် ပိုမိုလူကြိုက်များလျက်ရှိသည်။ မြန်မာနိုင်ငံရှိ ဆက်သွယ်ရေး ကုမ္ပဏီတစ်ခုမှတာဝန်ရှိသူတစ်ဦးက "MPT ကနေ ကြိုးဖုန်းတွေကိုဂဏန်းတစ်လုံးတိုးပြီးချထားပေးဖို့ ရှိတယ်လို့ သိရပါတယ်။ လက်ရှိချထားပေးဖို့ရှိတဲ့ မြို့နယ်တွေက မြောက်ဒဂုံ၊ တောင်ဒဂုံ၊ တောင်ဥက္ကလာပနဲ့ သဃ်န်းကျွန်းမြို့နယ်တွေမှာ ချထားပေးဖို့ ရှိတယ်လို့ သိရတယ်"ဟု ပြောကြားခဲ့သည်။ ထိုသို့ ကြိုးဖုန်းများကို ဂဏန်းအလုံးရေ ပြောင်းလဲလိုက်သော်လည်း ကြိုးဖုန်း၏လုပ်ဆောင်ချက် (Function)အတိုင်းရှိနေမည်ဖြစ်ကြောင်းနှင့်အခြားပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၌ လက်ရှိအချိန်အထိ ကြိုးဖုန်းအလုံးရေ ၈ သိန်း ၆ သောင်းကျော်ကို ချထားပေးပြီး ဖြစ်ကြောင်းနှင့် ထပ်မံ၍ ကြိုးဖုန်းများကို ချထားပေးရန်အတွက် အိတ်ချိန်းပေါင်း ၈၀ ကို ထပ်မံ ဆောက်လုပ်လျက် ရှိကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း မှ အဆက်

## မြန်မာနိုင်ငံသားများဘဏ်ခွဲနယ်စပ်ကုန်သွယ်ရေးဇုန်နှစ်ခုတွင်တိုးချဲ့ဖွင့်လှစ်ရန်စီစဉ်

မြန်မာနိုင်ငံသားများဘဏ်( MCB) မှ နယ်စပ်ကုန်သွယ်ရေးဇုန်နှစ်ခုတွင် ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်သွားရန်စီစဉ်နေကြောင်း ယင်းဘဏ်မှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးမျိုးဦးက ပြောကြားသည်။ယင်းဘဏ်ခွဲများကိုမူဆယ်၁၀၅မိုင်ဇုန်နှင့်မြဝတီကုန်သွယ်ရေးဇုန်များတွင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။"ဒီဘဏ်ခွဲတွေအပြင်တခြားစီးပွားရေးအကွက်အကွင်းကောင်းတဲ့ မြို့တွေမှာလဲဘဏ်ခွဲတွေဖွင့်ဖို့စီစဉ်နေပါတယ်။ လုပ်ငန်းတိုးချဲ့တာအပြင် ဒီဘဏ်က စီးပွားကူးသန်းဝန်ကြီးဌာနက ကြီးကြပ်တဲ့ ဘဏ်လဲဖြစ်တော့ ကုန်သွယ်မှုလုပ်ငန်းကို အထောက်အကူပြုစေလိုပါတယ်။ ဒါ့အပြင် သွင်းကုန်ပို့ကုန်လုပ်ငန်းရှင်တွေကုန်သည်တွေအတွက် အဆင်ပြေအောင်ရည်ရွယ်ပြီးကုန်သွယ်ရေးဇုန်တွေမှာ ဖွင့်လှစ်သွားဖို့စီစဉ်တာဖြစ်ပါတယ်"ဟုယင်းကထပ်မံ ပြောသည်။ယင်းအပြင်မြန်မာနိုင်ငံသားများဘဏ်ရုံးချုပ်ကိုလည်း နေပြည်တော်တွင်ဆောက်လုပ်လျက်ရှိပြီးယခု ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်အကုန်တွင်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် အဆိုပါဘဏ်အနေဖြင့်ရန်ကုန်နှင့်မန္တလေးမြို့တို့တွင် ဘဏ်ခွဲများဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၂၀၁၀ခုနှစ်ဩဂုတ်လ၁၇ရက်နေ့ထုတ် Flower News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မိုဘိုင်းကွန်ရက်ဖြင့် အင်တာနက်သုံးရာတွင် ကွန်ရက်မျိုးဆက်အပြင် Bandwidth ပေါ်မူတည်၍ မြန်နှုန်းကွာခြားနိုင်

မိုဘိုင်းကွန်ရက်ဖြင့် အင်တာနက်အသုံးပြုရာတွင် 2.5 G, 3G စသော ကွန်ရက်မျိုးဆက်ပေါ်မူတည်၍ အချက်အလက်များ စီးဆင်းလွှဲပြောင်းမှုမြန်နှုန်းကွာခြားသကဲ့သို့အသုံးပြုခွင့်ပေးမည့် Bandwidth ပေါ် မူတည်၍လည်း မြန်နှုန်းကွာခြားမည် ဖြစ်ကြောင်း ကျွမ်းကျင်သူများထံမှ စုံစမ်းသိရှိရသည်။ မိုဘိုင်းဖုန်းကွန်ရက်ဖြင့် အင်တာနက် အသုံးပြုနိုင်ရန် ဟန်းဆက်တွင် ပါဝင်သော GPRS(General Packet Radio Service), EDGE (Enhanced Data Rates for GSM Evolution) စသော လုပ်ဆောင်ချက်များကို အသုံးပြုရမည်ဖြစ်ပြီး ၎င်းမှာ Package Switching စနစ်ဖြင့် လည်ပတ်နေခြင်း ဖြစ်ကြောင်းလည်း သိရသည်။ " 2.5 G မှာဖြစ်ဖြစ် 2.75 G မှာပဲဖြစ်ဖြစ် အင်တာနက်သုံးနိုင်ပါတယ်။ မျိုးဆက်အနေနဲ့ ကွာခြားတာဖြစ်ပြီး data rates လည်းကွာခြားပါတယ်။ အဲဒါအပြင် ပေးမယ့် bandwidth ပေါ်မူတည်ပြီးတော့လည်း မြန်နှုန်း ကွာခြားမှာဖြစ်ပါတယ်။ ဖိုင်တွေ၊ သီချင်းတွေ၊ ဓာတ်ပုံတွေကို ဖုန်းလိုင်းကနေ ပေးပို့နိုင်တာမျိုး လုပ်လာနိုင်ပါမယ်။ Video Calling လုပ်နိုင်ဖို့ဆိုရင်တော့ မြန်နှုန်းမြင့်မှသာ ရပါမယ်"ဟု Nokia Store မှ ကိုစိုးမင်းထွန်းက ပြောကြားခဲ့သည်။ ဖုန်းလိုင်းပေါ်တွင်အင်တာနက် အသုံးပြုနိုင်ခြင်းအားဖြင့် Multimedia Messaging Service အပါအဝင် အခြားဝန်ဆောင်မှုများစွာကိုလည်း အသုံးပြုနိုင်ရန် မျှော်လင့်နေကြကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၁၈ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ကမ္ဘာ့အစားအစာပွဲတော်တွင် မြန်မာ့အစားအစာများအရောင်းရဆုံးစာရင်းဝင်

ဗီယက်နမ်နိုင်ငံ၊ Vungtaul မြို့တွင်ကျင်းပခဲ့သော ပထမဆုံးကမ္ဘာ့အစားအစာပွဲတော်တွင် မြန်မာ့အစားအစာများအရောင်းရဆုံးစားရင်းဝင်ခဲ့ကြောင်း Monsoon မှတာဝန်ရှိသူတစ်ဦးက ၁၀-၈-၂၀၁၀ရက် တွင် ပြောသည်။ World Food Festival Association မှ ကြီးမှူးကျင်းပသော ကမ္ဘာ့အစားအစာပွဲတော်ကို ဇူလိုင် ၂၁ရက်မှ ၂၅ရက်ထိကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မြန်မာ့ရိုးရာအစားအစာများဖြစ်သော မုန့်ဟင်းခါး၊ နန်းပြားသုပ်၊ ပဲကတ္တီပါဆီဆမ်းထမင်း(ခရမ်းချဉ်သီးချက်၊ အမဲသားကြော်) နှင့် ဆီထမင်း(ပဲပြုတ်၊ ငါးနီတူခြောက်ကြော်) တို့ကိုပြသရောင်းချခဲ့ကြောင်း သိရသည်။ "ဒီအစားအစာပွဲတော်မှာ နိုင်ငံခြားသားအတော်များများက နန်းပြားသုတ်နဲ့ဆီထမင်းကို အများဆုံးစားကြတယ်။ မုန့်ဟင်းခါးကျတော့ ဗီယက်နမ်အစားအစာတစ်မျိုးနဲ့ ဆင်တူပြီးအရည်နဲ့စားရတဲ့အစားအစာဖြစ်တဲ့အတွက် ရောင်းအားသိပ်မများဘူး။ ဒီပွဲမှာနိုင်ငံပေါင်း၈၀ကအစားအစာတွေလာရောက်ပြသရောင်းချခဲ့ပြီး မြန်မာ့အစားအစာတွေကို ဗီယက်နမ်လူမျိုးတွေသာမက နိုင်ငံပေါင်း ရှစ်ဆယ်က နိုင်ငံခြားသားတွေ၊ ကမ္ဘာလှည့် ခရီးသည်တွေ လာရောက်စားသောက်ကြတယ်။ ပွဲကိုညနေ၄နာရီကနေ ၉နာရီသတ်မှတ်ထားပေမယ့် ည၇နာရီလောက်ဆိုပြသရောင်းချတဲ့အစားအစာတွေကုန်သွားတယ်။ ပွဲစလုပ်တဲ့ရက်ထက် ကျန်တဲ့ရက်တွေမှာ မြန်မာ့အစားအစာတွေရဲ့ ရောင်းအားကလေးဆလောက်တက်သွားတယ်" ဟု ၎င်းကဆိုသည်။ ပွဲအတွက် မြန်မာ့အစားအစာများပြုလုပ်ရာတွင်လိုအပ်သောပါဝင်ပစ္စည်းများ၊ ချက်ပြုတ်ရာတွင်လိုအပ်သည့် ပစ္စည်းများကိုဗီယက်နမ်နိုင်ငံမှထုတ်ပေးကြောင်းနှင့် အစားအစာများကူညီချက်ပြုတ်ရန်နှင့်လိုအပ်သည့် ပစ္စည်းများထုတ်ပေးရန်အတွက် စေတနာ့ဝန်ထမ်းကျောင်းသားဆယ်ယောက်ကို ထားရှိပေးကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၁၉ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင်ဖော်ပြထားပါသည်။

## အွန်လိုင်းမှ အဝေးပြေးကားလက်မှတ်ဝယ်ယူနိုင်မည့် ဝက်ဘ်ဆိုက်လွှင့်တင်

မြန်မာပြည်အနှံ့ ပြေးဆွဲလျက်ရှိသော အဝေးပြေးယာဉ်လိုင်းများ၏ ကားလက်မှတ်များကို အွန်လိုင်းမှတစ်ဆင့် ဝယ်ယူနိုင်မယ့် ဝက်ဘ်ဆိုက်တစ်ခုကို ယခုလ ၂၀ ရက်တွင် စတင်လွှင့်တင်မည်ဖြစ်ကြောင်း ထိုဝက်ဘ်ဆိုက်ကို စီမံခန့်ခွဲသည့် Vertex Vacation ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ www.easyticket.asia လိပ်စာဖြင့် လွှင့်တင်မည်ဖြစ်သော အဆိုပါ ဝက်ဘ်ဆိုက်ကို အဝေးပြေးယာဉ်လိုင်း ၂၀ ကျော်နှင့် ပူးပေါင်းဆောင်ရွက်ထားကြောင်း သိရသည်။ ကုမ္ပဏီတာဝန်ရှိသူ ဒေါ်မေသူက " စတင်ခါစမှာတော့အွန်လိုင်းမှာကိုယ်တိုင်ဝယ်လို့မရသေးဘူး။ ကုမ္ပဏီနဲ့ ဆက်သွယ်ထားတဲ့ အင်တာနက်ဆိုင်တွေမှာပဲ ဝယ်ယူလို့ရမယ်။ Easyticket Logo ရှိတဲ့ အင်တာနက်ဆိုင်တွေမှာ ကိုယ်သွားချင်တဲ့မြို့ကိုပြောပြီး လက်မှတ်ဖြတ်ရမယ့်သဘောပါ။ နောက်ဆိုရင်တော့ ကြိုတင်ငွေပေးကတ်တွေနဲ့ ကိုယ်တိုင်ဝယ်လို့ရအောင် စီစဉ်သွားပါမယ် " ဟုပြောသည်။လက်ရှိအစီအစဉ်အရထိုဝန်ဆောင်မှုကိုဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းရှိ မြို့နယ်အနှံ့တွင် အင်တာနက်ဆိုင်အရေအတွက် ၅၀ ကျော်နှင့် ချိတ်ဆက်ဆောင်ရွက်ထားမည်ဖြစ်ပြီး အဆိုပါဝန်ဆောင်မှုအတွက် ပုံမှန်လက်မှတ်တန်ဖိုးအပြင် ဝန်ဆောင်ခကျပ် ၂၀၀ ကိုပေးဆောင်ရန်အတွက် ယာယီသတ်မှတ်ထားသည်။ "ယာဉ်ထွက်ခွာချိန်တွေထက် ၃နာရီစောပြီးထိုင်ခုံနေရာလွတ်တွေကိုအွန်လိုင်းမှာကြည့်နိုင်အောင် ဆောင်ရွက်ထားပါတယ်။ ဒါကတော့ Easyticket အစီအစဉ်နဲ့ ပူးပေါင်းထားတဲ့ထိုင်ခုံတွေဖြစ်မှာပါ " ဟု၎င်းကဆိုသည်။ လက်မှတ်ဝယ်ယူနိုင်သော အင်တာနက် ဆိုင်များကိုနောက်ပိုင်းတွင် ရန်ကုန်မြို့တွင်သာမက အခြားသောမြို့များတွင်လည်း တိုးချဲ့ရန် စီစဉ်လျက်ရှိပြီး အွန်လိုင်းမှတစ်ဆင့် ကိုယ်တိုင်လက်မှတ်ဝယ်ယူနိုင်မည့် ကြိုတင်ငွေပေးကတ်များကိုလည်း ထုတ်ဝေရန်ဆောင်ရွက်လျက်ရှိကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၁၉ရက်နေ့ထုတ် Internet ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ငါးသိန်းတန်ဖုန်း ဟန်းဆက်ဈေးကွက် ယခင်ထက် နှစ်ဆတက်

ရန်ကုန်တိုင်းအတွင်း ငါးသိန်းတန် စီဒီအမ်အေ 800MHz ဖုန်းများကို ပြီးခဲ့သော ဇွန် ၂၀ရက်မှစတင်ကာ နေ့ချင်းပြီးဆောင်ရွက်ပေးလာသောကြောင့် ကျပ်ငန်းသိန်းတန်ဟန်းဆက်ဈေးကွက်မှာ ယခင်ထက် နှစ်ဆမြင့်တက်လာကြောင်း Mr.Fone Movile Phone နှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်မှ သိရသည်။ ယင်းသို့ ဟန်းဆက်ရောင်းအားများ မြင့်တက်လာသည်နှင့်အမျှ ဟန်းဆက်ဈေးနှုန်းများလည်း သိသာစွာကျဆင်းခဲ့ကာ ဝယ်ယူမှုအများဆုံးမှာ ကျပ်တစ်သိန်းဝန်းကျင်ဟန်းဆက်များ ပိုမိုအရောင်းသွက်လျက်ရှိကြောင်း သိရသည်။ လတ်တလော ဟန်းဆက်ဈေးကွက်အတွင်း အထိုင်ဖုန်းများထက် မိုဒယ်မြင့်ဟန်းဆက်များဝင်ရောက်မှု များပြားလာခဲ့သဖြင့် အထိုင်ဖုန်းများ အနည်းငယ်ရောင်းအား ကျဆင်းလျက်ရှိကြောင်း သိရသည်။ ယခုအခါ ဟန်းဆက်ဈေးကွက်အတွင်း အများဆုံးကိုင်ဆောင်သည့်အမျိုးအစားမှာ Nokia အမျိုးအစား ဟန်းဆက်များဖြစ်ကာကျပ်တစ်သိန်းမှသုံးသိန်းဝန်းကျင်အထိ ရောင်းအားမြင့်တက်ကာ အထိုင်ဖုန်းများအနေဖြင့် ကျပ်လေးသောင်းဝန်းကျင်ရှိဖုန်းများမှာ အရောင်းအသွက်ဆုံးဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၁၉ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

# နိုင်ငံတကာသတင်း

## ပြင်သစ်နိုင်ငံတွင် ရိုးမားခေါ် ဂျစ်ပစီအုပ်စုများအား ထိန်းသိမ်း

ပြင်သစ်နိုင်ငံတွင် တရားမဝင် လှည့်လည်သွားလာနေထိုင်သော ရိုးမားခေါ် ဂျစ်ပစီအုပ်စု ၄၀ကျော်မှ လူပေါင်း ၇၀၀ကျော်ကို ဖမ်းဆီးထိန်းသိမ်း၍ သက်ဆိုင်ရာမူရင်းနိုင်ငံများကို ပြန်ပို့ရန် စီစဉ်လျက်ရှိသည်။ ယခင်လအတွင်းက လွိုင်ရေးတောင်ကြားရှိ စိန့်အိုက်နန်မြို့၏ ရဲစခန်းတစ်ခုကို ရိုးမားအဖွဲ့ဝင် လူငယ်တစ်စုက ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြသဖြင့် ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် တရားမဝင်လှည့်လည်နေထိုင်သော အုပ်စုပေါင်း ၃၀၀ခန့်ရှိသည်။ ၎င်းတို့တွင် ရိုမေးနီးယားနှင့် ဘူဂေးလ်ရီးယားမှ မကြာခင်က ဥပဒေမဲ့ဝင်ရောက်လာသူအများအပြားရှိသည်။ ၎င်းနိုင်ငံသားများသည် ဥရောပသမဂ္ဂ၏ဥပဒေအရ ပြင်သစ်နိုင်ငံတွင်းသို့ ဗီဇာမလိုဘဲ ဝင်ရောက်ခွင့်ရှိသည်။ အတည်တကျနေထိုင်ရန် အလုပ်တစ်ခုရှိရမည်ဖြစ်သည်။ ပြင်သစ်နိုင်ငံ၏ ယခုဆောင်ရွက်ချက်ကို ကုလသမဂ္ဂ ကျွမ်းကျင်သူများကော်မတီက ပြင်းထန်စွာဝေဖန်ရှုံ့ချသည်။ (ဘီဘီစီ)

## အာဖဂန်စစ်ပွဲဆိုင်ရာ လျှို့ဝှက်ဖိုင်များ ဝီကီလိက ထပ်မံထုတ်ပြန်မည်

ဝီကီလိဝက်ဘ်ဆိုက်ကို တည်ထောင်သူ ဂျူလီယန်အာဆန်ဂီးက အာဖဂန်စစ်ပွဲနှင့် ပတ်သက်သော လျှို့ဝှက်အထောက်အထား စာရွက်စာတမ်းများကို ဆက်လက်ထုတ်ပြန်သွားမည်ဟု ပြောဆိုခဲ့သည်။ အဆိုပါ ထိပ်တန်းလျှို့ဝှက် စာရွက်စာတမ်းများကို ထုတ်ပြန်ခြင်းမပြုဘဲ ထိန်းသိမ်းထားရန် ပင်တဂွန် စစ်ဌာနချုပ်က သတိပေး တားမြစ်ထားပြီးဖြစ်သည်။ ယခင်ထုတ်ပြန်ခဲ့သော ကန့်သတ်ဖိုင်များအနက် ကျန်ရှိသော လျှို့ဝှက်ဖိုင် ၁၅၀၀၀ခန့်ကို နောက်ဆုံးအသုတ်အနေဖြင့် ထုတ်ဖော်တင်ပြမည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။ ယင်းသို့ လျှို့ဝှက်သတင်းများ ထုတ်ပြန်ခြင်းဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အာဖဂန်မှ သတင်းပေးများအတွက် အလွန်အန္တရာယ်ကြီးမားသည်။ အဆိုပါလျှို့ဝှက်သတင်းများသည် ၂၀၀၄ခုနှစ်မှ ၂၀၁၀အတွင်း အာဖဂန်တွင် ဆင်နွှဲခဲ့သော စစ်နှင့်ပတ်သက်သည့် ကန့်သတ်စစ်ဘက်ဆိုင်ရာ စာရွက်စာတမ်းများဖြစ်သည်။ ၎င်းတို့အထဲတွင် နေတိုးတပ်ဖွဲ့များ၏ လက်ချက်ဖြင့် အာဖဂန်ပြည်သူများ သေဆုံးခဲ့ရပုံများ၊ တာလီဘန်ခေါင်းဆောင်များအား လျှို့ဝှက်လုပ်ကြံရန် ဆောင်ရွက်မှုများ ပါဝင်သည်။ (ဆင်ဟွာ)

## အီရန်နိုင်ငံ၏ ပထမဦးဆုံးသော နျူကလီးယားစွမ်းအင်စက်ရုံ ဖွင့်လှစ်မည်

အီရန်နိုင်ငံ နျူကလီးယားစွမ်းအင် အကြီးအကဲက လာမည့်အပတ်တွင် နိုင်ငံ၏ ပထမဦးဆုံးသော နျူကလီးယားစွမ်းအင်စက်ရုံကို ဖွင့်လှစ်မည်ဟု ထုတ်ဖော်ပြောဆိုသည်။ ဘူရှီးယား စွမ်းအင်စက်ရုံတွက် လောင်စာများထည့်သွင်းရန် အဆင်သင့်ရှိနေပြီဖြစ်သည်။ ပဏာမစမ်းသပ်စစ်ဆေးမှုများကိုလွန်ခဲ့သောခြောက်လခန့်မှစ၍ အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ အဆိုပါစက်ရုံသည် ပါရှန်ပင်လယ်ကွေ့ ကမ်းရိုးတန်းပေါ်ရှိ အလွန်ပူပြင်းသော ဒေသတွင်တည်ရှိသည်။ ၎င်းစက်ရုံကို ၁၉၇၀ခုနှစ်များတွင် ဂျာမန်ပညာရှင်များက စတင်တည်ဆောက်ခဲ့သည်။ နောက်ပိုင်းတွင် ရုရှားနိုင်ငံက ကူညီတည်ဆောက်ပေးခဲ့သည်။ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ဗီယင်နာအုပ်စုနှင့် ဆွေးနွေးရန်အဆင်သင့်ရှိသည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောဆိုသည်။ (ဆင်ဟွာ)

## တောင်ကိုရီးယားနှင့် အမေရိကန်တို့ ဒုတိယအကျော့ စစ်ရေးလေ့ကျင့်မှုပြုလုပ်

တောင်ကိုရီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၏ ဒုတိယအကျော့ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တနင်္လာနေ့က စတင်ခဲ့ရာ တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာပါဝင်ဆင်နွှဲခဲ့ကြသည်။ အဆိုပါလေ့ကျင့်မှုသည် ၁၀ရက်ခန့်ကြာမြင့်၍ အဓိကအားဖြင့် ကွန်ပျူတာစနစ်များသုံး၍ လေ့ကျင့်ကြမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံမှ တပ်ဖွဲ့ဝင် ၅၆၀၀၀နှင့်  အမေရိကန်ဘက်မှ တပ်ဖွဲ့ဝင် ၃၀၀၀၀ပါဝင်လေ့ကျင့်ကြမည်ဖြစ်သည်။ ယခုကဲ့သို့ စစ်ရေးလေ့ကျင့်မှုသည် မြောက်ကိုရီးယားနိုင်ငံအား ရန်စရာရောက်သဖြင့် ပြင်းထန်စွာတုံ့ပြန်မည်ဟု မြောက်ကိုရီးယားက ထုတ်ဖော်ပြောဆိုသည်။ ယခုလေ့ကျင့်မှုသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ပူးတွဲစစ်ရေးလေ့ကျင့်မှုဖြစ်သည်။ (အေအက်ဖ်ပီ)

## စင်္ကာပူနိုင်ငံတွင် လူငယ်အိုလံပစ်အားကစားပွဲကျင်းပ

လူငယ်အိုလံပစ်အားကစားပွဲတော်ကို စင်္ကာပူနိုင်ငံတွင် စနေနေ့က စတင်ဖွင့်လှစ်ခဲ့သည်။ တနင်္ဂနွေနေ့နံနက် အစောပိုင်းတွင် အမျိုးသမီးအခက်အခဲသုံးမျိုး အပြေးပြိုင်ပွဲတွင် ဂျပန်နိုင်ငံမှ ယူကာဆာတို အမည်ရှိ အားကစားအမျိုးသမီးက ပြိုင်ပွဲ၏ ပထမဦးဆုံးသောရွှေတံဆိပ်ကို ဆွတ်ခူးရယူသွားခဲ့သည်။ သူမ၏ စံချိန်မှာ တစ်နာရီ၄၉.၆၉စက္ကန့်ဖြစ်သည်။ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့က ဒုတိယနှင့် တတိယ အသီးသီးရရှိကြသည်။ (စီအန်အေ)

## ပဋိဇီဝ ဆေးပြီးသော ဘက်တီးရီးယားပိုးတစ်မျိုးတွေ့ရှိ

NDM-1 အမည်ရှိ အလွန်အစွမ်းထက်သော ဘက်တီးရီးယားပိုးတစ်မျိုးသည် ကမ္ဘာတစ်ဝှမ်းတွင် ကြောက်စရာအကောင်းဆုံးသော ကူးစက်ရောဂါတစ်မျိုးကို ဖြစ်ပေါ်စေလိမ့်မည်ဟု မီဒီယာများတွင် တနင်္လာနေ့က ရေးသားဖော်ပြကြသည်။ ၎င်းဘက်တီးရီးယားပိုးသည် ကမ္ဘာပေါ်တွင် အစွမ်းအထက်ဆုံးသော ကာဘာပီနင်းကဲ့သို့သော ပဋိဇီဝ ဆေးကိုပင်မဖြုံဟု သိရှိရသည်။ ၎င်းပိုးကို ယမန်နှစ်က အိန္ဒိယတွင် ရောက်ရှိနေသော ဆွီဒင်လူမျိုးတစ်ဦးတွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် အိန္ဒိယနှင့် ပါကစ္စတန်တို့တွင် ဆေးကုသမှုခံယူ၍ ဗြိတိန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသော လူ ၃၇ဦးတွင် ၎င်းရောဂါပိုး ရှာဖွေတွေ့ရှိခဲ့သည်။ ထိုနည်းတူ အိန္ဒိယနိုင်ငံတွင် ခွဲစိတ်မှုခံယူသော ဩစတြေးလျနိုင်ငံသား ၃ဦးတွင်လည်း ၎င်းပိုးကို တွေ့ရှိရသည်။ ၎င်းပိုးသည် အစွမ်းထက်သော်လည်း ၎င်းကို တားဆီးကာကွယ်နိုင်သည့် နည်းလမ်းများရှိသည်ဟု ဘာမင်ဂန်တက္ကသိုလ်မှ ပါမောက္ခက ပြောကြားသည်။ လောလောဆယ်တွင် ဘယ်လ်ဂျီယမ်နိုင်ငံသားတစ်ဦးသာ ၎င်းပိုးကြောင့် သေပျောက်မှုရှိခဲ့သည်။ (ဆင်ဟွာ)

## ကိုလံဘီယာ လေယာဉ်ကွင်းများ အမေရိကန်အား သုံးစွဲခွင့်ပြုရေးသည် အခြေခံဥပဒေနှင့်မညီ

အမေရိကန်နိုင်ငံသည် ၂၀၀၉ ခုနှစ်က ကိုလံဘီယာနိုင်ငံရှိ လေဆိပ်ခုနစ်ခုတွင် ဆယ်နှစ်တာသုံးစွဲခွင့်ပြုရန် ထိုစဉ်က အစိုးရအဖွဲ့နှင့် သဘောတူညီမှုရရှိထားခဲ့သည်။ အဆိုပါ သဘောတူညီမှုအရ ကိုလံဘီယာနိုင်ငံတွင်းတွင် အမေရိကန်စစ်ဘက်အရာရှိ ၈၀၀ နှင့် အရပ်ဘက်ဝန်ထမ်း ၆၀၀တို့ကို တာဝန်ချထားခွင့်ရှိမည်ဖြစ်သည်။ ၎င်းတို့သည် ထောက်လှမ်းရေး ဂြိုလ်တုများမှတစ်ဆင့် ကိုလံဘီယာတစ်နိုင်ငံလုံးအား ၂၄နာရီ စောင့်ကြည့်ကြမည်ဖြစ်သည်။ အဓိကရည်ရွယ်ချက်မှာမူးယစ်ဆေး မှောင်ခိုရောင်းဝယ်မှုနှင့်အကြမ်းဖက်လှုပ်ရှားမှုများကို ထောက်လှမ်းရန်ဖြစ်သည်။ သို့သော်လည်း ကိုလံဘီယာ တရားရုံးက အဆိုပါ သဘောတူညီချက်သည် နိုင်ငံ၏ ဖွဲ့စည်းပုံဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း ဆုံးဖြတ်ချက်ချခဲ့သည်။ ကိုလံဘီယာ၏ အိမ်နီးချင်းနိုင်ငံများက ဒေသတွင်းတွင် အမေရိကန်ဩဇာကြီးမားလာသည်ကို အကြောင်းပြု၍ အဆိုပါ သဘောတူညီချက်ကို ပြစ်တင်ဝေဖန်ကြသည်။ (ဘီဘီစီ)

## အမေရိကန်၏ တရုတ်စစ်အင်အားအပေါ် သုံးသပ်ချက်အစီရင်ခံစာ ထွက်ရှိ

အမေရိကန် ကာကွယ်ရေးဌာန ပင်တဂွန်သည်တနင်္လာနေ့က တရုတ်နိုင်ငံ၏ စစ်မက်ရေးရာနှင့်ပတ်သက်သော နှစ်ပတ်လည်အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာတွင် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် စစ်ရေးအင်အားကြီးနိုင်ငံတစ်ခု ဖြစ်ပေါ်လာရေးအတွက် လျှို့ဝှက်စွာ ကြိုးပမ်းလျက်ရှိသည်။ ထို့ပြင် နှစ်နိုင်ငံ စစ်ရေးဆက်ဆံမှုတွင် ပြဿနာများပေါ်ပေါက်အောင် ပြုလုပ်လျက်ရှိ၍ စစ်မက်ရေးရာနှင့် ပတ်သက်ပြီးလျှင် ပွင့်လင်းမှုမရှိကြောင်း ထောက်ပြဝေဖန်ထားသည်။ ၄င်းကို တရုတ်နိုင်ငံ နိုင်ငံခြားရေးဌာနပြောခွင့်ရပုဂ္ဂိုလ်က အမေရိကန်သည် တရုတ်၏စစ်အင်အားကို အလွန်အမင်းချဲ့ကား၍ ပြောဆိုထားကြောင်း၊ တရုတ်နိုင်ငံသည် အမျိုးသား ကာကွယ်ရေးမူဝါဒကို တိကျစွာလိုက်နာလျက်ရှိကြောင်း ၄င်းမူဝါဒသည် ခုခံစစ်အတွက်သာဖြစ်ကြောင်း ထို့ကြောင့် အမေရိကန်၏ အစီရင်ခံစာကို ပြင်းထန်စွာကန့်ကွက်ကြောင်းဖြင့် ထုတ်ဖော်ပြောဆိုသည်။ (ဆင်ဟွာ)

## အမေရိကန်၏ နောက်ဆုံးတိုက်ပွဲဝင်တပ်မ အီရတ်မှ ထွက်ခွာ

အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များ အီရတ်နိုင်ငံအား ဝင်ရောက်သိမ်းပိုက်ပြီးနောက် ၇နှစ်အကြာ ယမန်နေ့နံနက် အစောပိုင်းတွင် အမေရိကန်၏ နောက်ဆုံးတိုက်ခိုက်ရေးတပ်ဖွဲ့သည် အီရတ်နိုင်ငံမှ ထွက်ခွာသွားပြီဖြစ်သည်။ ၄င်းတပ်ဖွဲ့များသည် ကုန်းလမ်းခရီးဖြင့် သဲကန္တာရကိုဖြတ်၍ သောကြာနေ့နံနက်စောစောတွင် ကူဝိတ်နိုင်ငံတွင်းသို့ရောက်ရှိကြသည်။ ၄င်းသဲကန္တာရလမ်းသည် ဆူပူသောင်းကျန်းသူများ ပေါများသဖြင့် တပ်ဖွဲ့များဆုတ်ခွာရေးကို ရက်သတ္တပေါင်းများစွာကပင် ကြိုတင်စီစဉ်ခဲ့ရသည်။ အမေရိကန်တပ်ဖွဲ့ဝင် ၅သောင်းခန့် အီရတ်တွင် ကျန်ရစ်မည်ဖြစ်၍ အီရတ်တပ်ဖွဲ့များအား လေ့ကျင့်ရန်နှင့် အကြံဉာဏ်ပေးရန် တာဝန်များကို ထမ်းဆောင်ကြမည်ဖြစ်သည်။ ၄င်းတပ်ဖွဲ့များသည် မိမိကိုယ်ကို ကာကွယ်ရန်နှင့် အီရတ်အစိုးရက မေတ္တာရပ်ခံသောကိစ္စများတွင်သာ ၄င်းတို့၏လက်နက်များကို အသုံးပြုမည်ဖြစ်သည်။ (ဘီဘီစီ)

## မက္ကဆီကိုမြို့တော်တွင် ပလတ်စတစ်အိတ်သုံးစွဲခြင်း ပိတ်ပင်

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုမြို့တော်တွင် ပလတ်စတစ်အိတ်များ သုံးစွဲခြင်းကိုတားမြစ်သည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေအရ ဈေးဆိုင်များသည် ဈေးဝယ်သူအား ပလတ်စတစ်အိတ်များ အခမဲ့ပေးခြင်းကို စစ်ဆေးတွေ့ရှိပါက လိုအပ်သလို အရေးယူနိုင်ရန် သက်ဆိုင်ရာ အရာရှိများအား အာဏာအပ်နှင်းခဲ့သည်။ စည်းကမ်းဖောက်ဖျက်သူများအား ဒဏ်ငွေ ဒေါ်လာ ၉သောင်း သို့မဟုတ် ထောင်ဒဏ် ၃ရက်အထိ ချမှတ်နိုင်သည်။ ယခုဥပဒေသည် မြို့တော်တခို စိမ်းလန်းစိုပြည်ရေးအစီအစဉ်၏ တစိတ်တဒေသဖြစ်သည်။ နောင်တွင် ဈေးဆိုင်များသည် ပစ္စည်းများကို ဆွေးမြေ့လွယ်သော အိတ်များဖြင့်သာ ပစ္စည်းများထည့်၍ပေးရမည်။ ၄င်းအိတ်အတွက် ကျသင့်ငွေကို တောင်းခံနိုင်သည်။ လောလောဆယ်တွင် မက္ကဆီကိုမြို့တော်၌ တစ်နေ့လျှင် ပလတ်စတစ်အိတ်ပေါင်း ၂၀သန်းခန့် အသုံးပြုလျက်ရှိသည်။ (ဘီဘီစီ)

## ဟန်ဂေါင်တွင် ခေတ်ပြိုင်မြန်မာပန်းချီပညာရှင်များ၏ လက်ရာများ ခင်းကျင်းပြသမည်

The Almaz collective အနုပညာအသင်းကြီးသည် ခေတ်ပြိုင်မြန်မာပန်းချီလက်ရာများကို On/Off ခေါင်းစဉ်ဖြင့် ဗီယက်နမ်နိုင်ငံ ဟန်ဂေါင်မြို့ တေဟိုခရိုင်ဒုတ်ဗန်လမ်းအမှတ် 21/52ရှိ Almaz ဟိုတယ်သတ္တမအလွှာတွင် ဩဂုတ်လ ၁၉ရက်မှ ၂၀ရက်ထိ ခင်းကျင်းပြသရန် စီစဉ်လျက်ရှိသည်။ ပြပွဲတွင် မြန်မာပန်းချီပညာရှင်ကိုးဦး၏ လက်ရာများကို ပြသမည်ဖြစ်သည်။ အဆိုပါ ကိုးဦးမှာ အောင်ပြည့်စုံ၊ မောင်ဒေး၊ မိုးစက်၊ M.S.O ၊ ငယ်လေး၊ စံမင်း၊ သန်းမောင်မောင်၊ သူရိန်နှင့် ဝါနတို့ဖြစ်ကြသည်။ ပြတိုက်မှူးသည် ပြပွဲကာလနှစ်ရက်အတွင်း မိုးစက်နှင့် လည်းကောင်း၊ ငယ်လေး၊ M.S.O၊ သူရိန်နှင့် ဝါနတို့နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ၁၉၇၄မှ မျက်မှောက်ကာလအထိ မြန်မာနိုင်ငံ၏အခြေအနေအရပ်ရပ်ကို အပိုင်းသုံးပိုင်းခွဲခြား၍ ဗီဒီယိုများ၊ ဓါတ်ပုံများ၊ သရုပ်ဖော်ပုံများဖြင့် တင်ပြကြမည်ဖြစ်သည်။ "On/Off " ခေါင်းစဉ်၏ အဓိပ္ပါယ်မှာခလုတ်ဖွင့်ခြင်းနှင့်ပိတ်ခြင်းကြားတွင်အလွန်လျှင်မြန်သော ရွေ့လျားမှုကို ရည်ညွှန်းခြင်းဖြစ်သည်။ အဆိုပါ တိုတောင်းသော အချိန်ကာလလေးကိုပင် ဖန်တီးသူပညာရှင်ရော၊ ကြည့်ရှုသူပရိသတ်ကပါ အတူတကွ မျှဝေခံစားခြင်းဖြစ်သည်။ The Almaz Collective သည် ဟန်ဂေါင်မြို့ရှိ အနုပညာအသင်းကြီး တစ်ခုဖြစ်၍ ဗီဒီယို၊ ဓါတ်ပုံ၊ ပုံကြမ်း၊ ပန်းချီ နှင့် စာပေတို့ကို လွတ်လပ်ပွင့်လင်းစွာ မျှဝေလေ့လာခြင်းကို အထူးဦးစားပေးသည့် အဖွဲ့ကြီးဖြစ်သည်။

# သတင်းအတို

## စာရေးဆရာ ဦးအောင်သင်းမှ " GOOD LEADER & GOOD FOLLOWER " " ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်း " ခေါင်းစဉ်ဖြင့် ဟောပြောမည်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ဟောပြောပွဲများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၇ရက်နေ့မှစ၍ နှစ်ပတ်လျှင်တစ်ကြိမ် ကျင်းပလျက်ရှိပါသည်။ ၂၀၁၀ ခုနှစ်တွင်လည်း နှစ်ပတ်လျှင် တစ်ကြိမ်ကျင်းပမည်ဖြစ်ပါသည်။ ယခုကျင်းပမည့် ဟောပြောပွဲအမှတ်စဉ်(၁၆/၂၀၁၀)ကို Sun Myanmar Int'l Inpex Co., Ltd ၏ ပံ့ပိုးကူညီမှုဖြင့် စာရေးဆရာ ဦးအောင်သင်းမှ " GOOD LEADER & GOOD FOLLOWER " "ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်း" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ပါသည်။ ယင်းဟောပြောပွဲကို ၂၀၁၀ ခုနှစ် ဩဂုတ်လ ၁၄ရက် (စနေနေ့) နေ့လည် (၂)နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိပါသည်။ (ခေတ်လူငယ်)

## မြဝတီသို့ တင်ပို့နေသည့် ရေထွက်ကုန်များ လမ်းကြောင်းပြောင်း

ထိုင်းနိုင်ငံနှင့် ဆက်စပ်ကုန်သွယ်နေသည့် မြဝတီနယ်စပ်မှတစ်ဆင့် တင်ပို့နေသော မြန်မာနိုင်ငံထွက် ရေထွက်ကုန်များကို ပြီးခဲ့သည့် ဩဂုတ်လဆန်းမှစတင်၍ မြိတ်ကုန်သွယ်ရေး လမ်းကြောင်းမှတစ်ဆင့် ပြောင်းလဲတင်ပို့လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။ ယခင်မြဝတီမှတစ်ဆင့် ထိုင်းနိုင်ငံသို့တင်ပို့နေသော ရေခဲရိုက်ငါးများသည် မြိတ်မှတစ်ဆင့် တင်ပို့လျက်ရှိခြင်းကြောင့် ထိုင်းနိုင်ငံသို့ တင်ပို့နေသော ရေထွက်ကုန်များ မြိတ်မှတစ်ဆင့် ပိုမိုကုန်သွယ်လာလျက်ရှိသည်ဟု ၄င်းကဆက်လက်ပြောကြားသည်။ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းသည် ယခုဘဏ္ဍာနှစ်အပြီး လေးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်တင်ပို့ရန် လျာထားသည့် ပမာဏထက် သိသာစွာကျော်လွန်လျက်ရှိပြီး တန်ချိန် ၃၄၃၂ တန် ပိုမိုတင်ပို့နိုင်ကာ ယမန်နှစ်ကထက် ဒေါ်လာ ၁၁သန်းကျော် ပိုမိုရရှိနိုင်ခဲ့သည်ဟု တရားဝင်စာရင်းများအရ သိရကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၁၆ရက်နေ့ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ငါးသိန်းတန်ဖုန်း ပိုက်ဆံကတ် သေချာမသိမ်းလို့ ပေါင်းသုံးရပြီး ခဏလေးနဲ့ကုန်

ငါးသိန်းတန် စီဒီအမ်အေ ဖုန်းသုံးစွဲသူအချို့ ပိုက်ဆံကတ်ရိုက်ထည့်ပြီး ကတ်ကိုသေချာမသိမ်းမိတာတွေကြောင့် မိမိကတ်ကနေ ပိုက်ဆံခွဲသုံးခံရတာမျိုးတွေ ရှိနေတယ်လို့ သိရပါတယ်။ ပိုက်ဆံကတ်က ကုတ်နံပါတ်ကို ခြစ်ပြီး ကိုယ့်ဖုန်းထဲရိုက်ထည့်ပြီးတဲ့အခါ ကတ်ကိုမသိမ်းဘဲထားတော့ တခြားလူက ကိုယ့်ကုတ်နံပါတ်ကို သူ့ဖုန်းထဲ ရိုက်ထည့်ပြီး သုံးတာပါ။ အဲသည်အခါ သူ့ရဲ့ဖုန်းအသုံးပြုခရော၊ ကိုယ့်ရဲ့ဖုန်းအသုံးပြုခပါ သည်ကုတ်နံပါတ်ထဲကပဲ သုံးကြတာမို့ ခဏလေးနဲ့ ကုန်သွားပါတယ်လို့ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူ တစ်ဦးကပြောပါတယ်။ "ကိုယ့်ရဲ့ပိုက်ဆံကတ်ကို သေချာသိမ်းသင့်တယ်၊ ကိုယ်က အမှတ်တမဲ့ထားခဲ့၊ လွှင့်ပစ်ခဲ့ပေမဲ့ သိတဲ့သူက ယူသုံးနိုင်တယ်၊ ကတ်ကိုကုန်တဲ့အထိ သိမ်းမထားချင်ဘူးဆိုရင် သူများသုံးလို့ ကြည့်လို့မရအောင် တစ်ခါတည်း ဖျက်ဆီးပစ်သင့်တယ်" လို့ တော်ဝင်ပလာဇာရှိ Best Seller တယ်လီဖုန်း အရောင်းဆိုင်မှ ပိုင်ရှင်ဦးစိုးမောင်မောင်ကပြောပြခဲ့ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၁၃ရက်နေ့ထုတ် မော်ဒန်သတင်း ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အွန်လိုင်းချက်တင် ယဉ်ကျေးမှု ခေတ်စားလာသည်နှင့်အမျှ နောက်ဆက်တွဲ လူကုန်ကူးမှု အသွင်ဆောင်လာမှုများအပေါ် သတိပြုကြရန် အွန်လိုင်းမှတစ်ဆင့် နီးစပ်ရာအချင်းချင်း မေးလ်ဖြင့် ဆက်သွယ်သတိပေးမှုများ ပြုလုပ်လာ

အွန်လိုင်းချက်တင် ယဉ်ကျေးမှုများ ခေတ်စားလာပြီး ယင်းနှင့် ဆက်စပ်၍ နောက်ဆက်တွဲ လူကုန်ကူးမှု အန္တရာယ်များကိုပါ သတိပြုကြရန် အွန်လိုင်းမှတစ်ဆင့် နီးစပ်ရာ အချင်းချင်း မေးလ်များပေးပို့၍ သတိပေးမှုများ ပြုလုပ်လာကြောင်း အင်တာနက် အသုံးပြုသူများထံမှ သိရှိရပါသည်။ အွန်လိုင်းမှတစ်ဆင့် ချက်တင်ဝင်ကြသူများတွင် အများအားဖြင့် ဆယ်ကျော်သက် အရွယ်များ၊ အမျိုးသမီးငယ်များအား စကားလုံးများဖြင့် ဆွဲဆောင်စည်းရုံးသိမ်းသွင်း၍ တစ်ဖက်နိုင်ငံများသို့ လာရောက်ရန် ဖိတ်ခေါ်မှုများ ပြုလုပ်လာကြကြောင်း အဆိုပါ အသိုင်းအဝိုင်းများနှင့် နီးစပ်သူများထံမှ သိရှိရပါသည်။ အွန်လိုင်းမှတစ်ဆင့် ခင်မင်သိကျွမ်းပြီး အလွယ်တကူ ဆုံးဖြတ်ခဲ့ကြသည့် ဆုံးဖြတ်ချက်များ၊ လူမှုရေး ကိစ္စများ၊ အလုပ်အကိုင်များ၊ အိမ်ထောင်ရေးကိစ္စများမှာ နောက်ဆက်တွဲ လူကုန်ကူးမှုပြဿနာများ၊ ရေတိမ်နစ်ရသည့် အဖြစ်အပျက်များကို ဖြစ်ပေါ်စေနိုင်ရာ အထူးသတိပြုစရာ အချက်တစ်ခုထဲတွင် ပါဝင်လာပြီဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၁၈ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ကျပ်ငါးသိန်းတန်ဖုန်းမြို့နယ်သုံးခုတွင်တိုးချဲ့ချထားပေးနေ

ရန်ကုန်နှင့် မန္တလေးမြို့များတွင်ချထားပေးလျက်ရှိသော ကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းများကို ယခုလမှစတင်ခါ မြို့နယ်သုံးမြို့နယ်တိုးချဲ့ချထားပေးလျက်ရှိကြောင်း အဆိုပါဖုန်း RUIM Card များကို ထုတ်ပေးလျက်ရှိသည့် Elite Tech ကုမ္ပဏီအမှုဆောင်ဒါရိုက်တာဦးစိုးခင်မောင်အေးကပြောကြားသည်။ "ရန်ကုန်မှာဆိုရင် မှော်ဘီမြို့နယ်၊ မန္တလေးမှာဆိုရင် ကျောက်ဆည်မြို့နယ်နဲ့ စစ်ကိုင်းမြို့နယ်တွေမှာ တိုးပြီးချထားပေးနေပါတယ်" ဟု ၎င်းကပြောသည်။ တိုးချဲ့ချထားပေးသောမြို့နယ်များတွင် လျှောက်ထားမှုများကို သက်ဆိုင်ရာမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ရမည်ဖြစ်ပြီး ငှားရမ်းသုံးစွဲခနှင့် ခေါ်ဆိုခနှုန်းထားများမှာမူ ယခင်ချထားပေးခဲ့သည့် အခြားသောမြို့နယ်များနှင့် တူညီမည်ဖြစ်သည်။ ထိုဖုန်းများကို ရန်ကုန်နှင့် မန္တလေးမြို့များတွင်လိုင်းပေါင်းတစ်သိန်းကျော် ချထားပေးပြီးဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၁၉ရက်နေ့ထုတ် Internet ဂျာနယ်တွင်ဖော်ပြထားပါသည်။

## တန်၃၀၀၀နှင့်အထက်ရှိ နိုင်ငံခြားသင်္ဘောကြီးများကိုပြည်တွင်းကုမ္ပဏီတစ်ခုက ရေကြောင်းပို့ဆောင်ရေးနှင့် ပူးပေါင်းတည်ဆောက်ရန်စီစဉ်

တန်၃၀၀၀နှင့်အထက်ရှိသောနိုင်ငံခြားသင်္ဘောကြီးများကိုပြည်တွင်းကုမ္ပဏီတစ်ခုက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့်ပူးပေါင်းတည်ဆောက်ရန်စီစဉ်လျက်ရှိကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအလုံသင်္ဘောကျင်းမှသိရသည်။ အဆိုပါကုမ္ပဏီနှင့်ပူးပေါင်းဆောက်မည့် တန် ၃၀၀၀နှင့်အထက်သင်္ဘောကြီးများကို ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးရှိ အလုံသင်္ဘောကျင်းနှင့် ဒလသင်္ဘောကျင်းတို့တွင်တည်ဆောက်မည်ဖြစ်ကြောင်းသိရသည်။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး နှင့် အဆိုပါကုမ္ပဏီတို့ပူးပေါင်း တည်းဆောက်ရာတွင် နိုင်ငံခြားမှ အပ်နှံလာသည့် သင်္ဘောများကို တည်ဆောက်ပေးရုံသာမက နှစ်ပတ်လည်များတွင်ပြန်လည်ပြုပြင်မည့်သင်္ဘောများကိုပါ လက်ခံပြုပြင်တည်ဆောက်ပေးသွား မည်ဖြစ်

ကြောင်းသိရသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရှိ အလုံသင်္ဘောကျင်းတွင် သင်္ဘောသစ်တည်ဆောက်ရန်အတွက်နှင့် ပြန်လည်ပြုပြင် တည်ဆောက်ပေးရန်အတွက် သင်္ဘောကြီးများကို တင်နိုင်ချနိုင်သည့်လေအိတ်ကြီးများရစ်ခုံများ၊ ကျင်းတင်ခုံများနှင့် သင်္ဘောရေယာဉ်ပေါင်းများကိုပြုပြင်ရာမှာ သုံးရမည့် စက်ပစ္စည်းများမှာယူတင်သွင်းထားကြောင်း ၂၀၁၀ခုနှစ်ဩဂုတ်လ ၁၇ရက်နေ့ထုတ် Flower News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဆယ်လူလာဖုန်းများကို ကမ်းရိုးတန်းဖုန်းများနှင့်လဲလှယ်ပေးနေ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ချထားပေးခဲ့သည့် ၀၉-၉၉ နံပတ်ဖြင့်စတင်သည့် ဆယ်လူလာဖုန်းများကို ကမ်းရိုးတန်းဖုန်းဟု လူသိများသည့် CDMA 450MHzဖုန်းများနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက လဲလှယ်ပေးလျက်ရှိကြောင်း ထိုလုပ်ငန်းနှင့်နီးစပ်သည့် အသိုင်းအဝိုင်းမှ သိရသည်။ "အခုထိလည်း လဲပေးနေသေးတယ်။ ရုစ်သိန်းအလိုက်ပေးရတယ်ကြားတယ်။ လုပ်ငန်းစဉ်အရ ရွှေဂုံတိုင်ဆက်သွယ်ရေးရုံးကိုတော့ စာတင်ရတယ်။ ပြီးရင်လဲလှယ်ကိုင်ဆောင်ခွင့်ပြုတယ်"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ လဲလှယ်ကိုင်ဆောင်ခွင့်ပေးသောဖုန်းများမှာ ၀၉-၈၅၊ ၈၆ စသည့်နံပါတ်များနှင့် စတင်သည့် CDMA 450 MHz ဖုန်းများဖြစ်ပြီး တရားဝင်ငှားရမ်းသုံးစွဲခမှာ ကျပ် ၁၅သိန်းဖြစ်ကာ ဖုန်းခေါ်ဆိုခကြိုတင်ပေးသွင်းငွေကျပ် ၅၀,၀၀၀ကိုလည်း ပေးဆောင်ရကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၁၉ရက်နေ့ထုတ် အင်တာနက်ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရန်ကုန်မြို့တွင် အကြီးဆုံး LED တီဗီကြီးပန်းဆိုးတန်းခုံးကျော်တံတားပေါ်၌ တပ်ဆင်

ရန်ကုန်မြို့တွင် အရွယ်အစားအကြီးဆုံး LED တီဗီကြီးကိုပန်းဆိုးတန်းခုံးကျော်တံတားပေါ်တွင် တပ်ဆင်လျက်ရှိကြောင်း သိရသည်။ အဆိုပါ LED တီဗီကြီးသည် မကြာမီဖွင့်လှစ်တော့မည့် ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ Ruby Mart အနီးတွင် တပ်ဆင်ခြင်းဖြစ်ပြီး တပ်ဆင်မှုပြီးစီးပါက Ruby Mart မှ ကြော်ငြာများနှင့်အခြားရုပ်သံအစီအစဉ်များ ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းLED တီဗီသည် အလျား ၂၅ပေ၊ အနံ၁၃ပေခန့်ရှိပြီး တရုတ်နိုင်ငံမှ တင်သွင်းခြင်းဖြစ်ပြီးနည်းပညာနှင့် ပညာရှင်များ တရုတ်နိုင်ငံမှ လာရောက်တပ်ဆပ်လျက်ရှိကြောင်းသိရသည်။ တီဗီတပ်ဆင်သည့် လုပ်ငန်းကာလမှာနှစ်လခန့်ကြာမြင့်ခဲ့ပြီး လက်ရှိအချိန်တွင်အချောသပ်လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ဩဂုတ်လအတွင်းတွင် စတင်ထုတ်လွှင့်မှုများပြုလုပ်နိုင်ရန်ကြိုးစားလျက်ရှိကြောင်း ၂၀၁၀ခုနှစ်ဩဂုတ်လ ၁၉ရက်နေ့ထုတ်ပြည်မြန်မာဂျာနယ်တွင်ဖော်ပြထားပါသည်။

## အောက်တိုဘာမတိုင်မီလွှတ်တော်အဆောက်အအုံပြီးမည်

နေပြည်တော်၌ တည်ဆောက်လျက်ရှိသော လွှတ်တော်စီမံကိန်းအားယခုနှစ် အောက်တိုဘာလမတိုင်မီ အပြီးတည်ဆောက်သွားမည်ဟု စုံစမ်းသိရသည်။ ပြည်သူ့လွှတ်တော် အဆောက်အအုံအား ၂၀၀၈ခုနှစ်တွင် ACE ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ၉၅ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကာ အချောသပ်လုပ်ငန်း များဆောင်ရွက် နေပြီဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်အဆောက်အအုံဝင်းအတွင်း ရွေးကောက်ပွဲကျင်းပရန် ခန်းမကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်အမတ်များနေထိုင်ရန်နှင့် သမ္မတနေထိုင်ရန် အဆောက်အအုံတို့အပြင်လွှတ်တော်သို့ဝင်ရောက်နိုင်မည့် အကျယ်ပေ ၆၀ကျော်ခန့်ရှိသော နစ်လမ်းသွားသံထူကွန်ကရစ် တံတား ၂စင်းတို့လည်း ပါဝင်ကြောင်း သိရသည်။ လွှတ်တော်ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ဆောက်လုပ်ရေးဝန်ထမ်းတစ်ဦးက "အခုလောလောဆယ်တော့ အပြင်ပိုင်းတွေပြီးစီးသွားပြီ။ အတွင်းပိုင်းအလှဆင်တာ နဲ့ဆေးသုတ်ဖို့ပဲ ကျန်တယ်။ အောက်တိုဘာလမကုန်ခင်တော့ အပြီးလုပ်ဖို့လျာထားတာပဲ"ဟု ဆိုကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၁၉ရက်နေ့ထုတ် Popular News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိ

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဇော်သည် မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့၌ တပ်ဆင် ဆောင်ရွက်သွားမည့် (FTTH) FIBER TO THE HOME နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို လုပ်ငန်းတစ်ခုချင်းအလိုက် စနစ်တကျတိုးချဲ့ဆောင်ရွက်သွားရန်နှင့် မြို့ပေါ်မှ ကျေးလက်ဒေသအထိ အရည်အသွေးပြည့်မီစွာဖြင့် ဈေးနှုန်းချိုသာစွာ ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် အထူးအလေးထား ဆောင်ရွက်ရန် ဩဂုတ်လ ၁၇ရက်နေ့တွင်ကျင်းပသော ရန်ကုန်မြို့ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဆွေးနွေးမှာကြားခဲ့ကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၁၉ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## နေပြည်တော်တွင်ပုဂ္ဂလိကဘဏ် ၄ခုစလုံးဖွင့်လှစ်လိုက်ပြီ

နေပြည်တော်တွင်ပုဂ္ဂလိကဘဏ်များကိုဖွင့်လှစ်လျက်ရှိရာ ဩဂုတ် ၁၇ရက်က နေပြည်တော်ဥတ္တရသီရိအဆင့်မြင့်ဈေးတွင်မြန်မာ့ရှေ့ဆောင်ဘဏ်ကိုဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ ၂၀၁၀ပြည့်နှစ် ၊ ဩဂုတ်လအတွင်း နေပြည်တော် ဇမ္ဗူသီရိရတနာ အဆင့်မြင့်ဈေးတွင် Asia Green Development ဘဏ်နှင့် ဧရာဝတီဘဏ်၊ ဥတ္တရသီရိမြို့၊ ရာဇသင်္ဂဟလမ်း၊ ဥတ္တရသီရိအဆင့်မြင့်ဈေးတွင် ယူနိုက်တက်အမရာဘဏ်တို့ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ အဆိုပါဘဏ်များတွင် အပ်ငွေလက်ခံခြင်း၊ ချေးငွေထုတ်ချေးခြင်းနှင့်အခြားဝန်ဆောင်မှုအဖြစ် ငွေလွှဲလုပ်ငန်း၊ ဘဏ်လုံခြုံမှုသေတ္တာငှားရမ်းခြင်းစသည့် လုပ်ငန်းများစတင်လုပ်ဆောင်နေပြီးမကြာမီဘဏ်ခွဲအသစ်များကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၁၉ရက်နေ့ထုတ် Popular News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကြိုးမဲ့အင်တာနက်ဆက်သွယ်မှု ဇုန်များတိုးချဲ့သတ်မှတ်

ရန်ကုန်မြို့နယ် ဧရိယာတစ်ဝိုက် ကြိုးမဲ့အင်တာနက်ဆက်သွယ်မှုဇုန် (Wifi Zone) များကို တိုးချဲ့သတ်မှတ်ထား၍ လက်ရှိ Wifi Zone အများအပြားရှိလာပြီဖြစ်ကြောင်း သိရှိရသည်။ ၂၀၁၀ ပြည့်နှစ်မှစတင်ကာ များလာခြင်းဖြစ်ပြီး လက်ရှိရှော့ပင်းစင်တာအများစု၊ စားသောက်ဆိုင်အချို့၊ ဟိုတယ်အချို့တွင် အခမဲ့ Wifi Free Zone များထားရှိလာကြောင်း သိရသည်။ လက်ရှိ ရန်ကုန်၌ ကြိုးမဲ့အင်တာနက်ဆက်သွယ်မှုဇုန် (Wifi Free Zone) သတ်မှတ်ထားသော နေရာအချို့မှာ ဆာကူရာတာဝါ၊ Capital Hyper Market ၊ BAKIT Mall ၊ တိုကျိုဒိုးနပ်စ် ဆိုင်အစရှိသည်တို့ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များက ၎င်းကြိုးမဲ့အင်တာနက်စနစ် ရရှိစေရန် ADSL ၊ Broad band ၊ ဝိုင်မက်စ်လိုင်းများမှ တစ်ဆင့် ပြန်လည်ထုတ်လွှင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းအပြင် ပါရမီလမ်းရှိ ဂျူပီတာအိုင်တီမောလ်တွင်လည်း ဝိုင်ဖိုင်ဧရိယာအဖြစ် သတ်မှတ်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ အင်တာနက်အသုံးပြုရာတွင် ဆက်သွယ်မှုမြန်ဆန် လွယ်ကူရေးအတွက် အင်တာနက်ဖိုင်ဘာဆက်ကြောင်းများကို သက်ဆိုင်ရာက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်ချက် များပြားလာသည်နှင့်အမျှ Wifi ဇုန်များလည်း များလာမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ဖိုင်ဘာကြိုးမျှင်သုံး အင်တာနက်စနစ် (FTTH) ကိုလည်း အကောင်အထည်ဖော်လျက်ရှိကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၁၉ရက်နေ့ထုတ် ပြည်မြန်မာ ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဆရာဒေါက်တာဦးမြင့်မှ "တရုတ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှု၏ အိမ်နီးချင်းနိုင်ငံများအပေါ် အကျိုးသက်ရောက်မှုများ " ခေါင်းစဉ်ဖြင့် ဟောပြောမည်

ဝါကိဂ္ဂဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)မှ ကြီးမှူး၍ ဆရာဒေါက်တာဦးမြင့်က " တရုတ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှု၏ အိမ်နီးချင်းနိုင်ငံများအပေါ် အကျိုးသက်ရောက်မှုများ " ခေါင်းစဉ်ဖြင့် International Business Center (IBC) ခန်းမ၌ ဩဂုတ်လ ၂၁ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက ဖုန်း- ၀၉-၅၁၅၄၅၇၄၊ ၀၉-၅၀၈၁၃၄၆ နှင့် အသင်းရုံး ဖုန်း-၂၉၁၆၆၇ တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၀ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

အနှိုင်းမဲ့ဆင်းရဲ

အဆင်းကောင်းကောင်း၊ အသံကောင်းကောင်း၊ အနံ့ကောင်းကောင်း၊ အရသာကောင်းကောင်း၊ အထိအတွေ့ကောင်းကောင်း၊ အတွေးအကြံကောင်းကောင်းဆိုတဲ့ ကာမဂုဏ်အာရုံကောင်းကောင်းလေးတွေချည်းပဲ တွေ့ကြုံသိရှိရအောင် ရှာကြံဆောင်ဖန်တီးနေရတာတွေကတော့ ဝိညာဏက္ခန္ဓာလို့ခေါ်တဲ့ သိမှုဝိညာဉ် နာမ် ခန္ဓာကြီးရဲ့ ခန္ဓာဝန်တွေပါပဲ။

ခန္ဓာငါးပါးကို သဘောတူရာပေါင်းပြီး အတိုချုပ်လိုက်ရင် ရုပ်နာမ်နှစ်ပါးပဲ ရပါတယ်။ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးဟာ ဆင်းရဲဒုက္ခအားလုံးရဲ့ တရားခံလက်သည် ပင်မရေသောက်မြစ်ဖြစ်ပါတယ်။

အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲ၊ ချစ်သူကွဲဆင်းရဲ၊ မုန်းသူတွဲဆင်းရဲ၊ စိုးရိမ်ပူဆွေးဆင်းရဲ၊ တမ်းတငိုကြွေးဆင်းရဲ၊ အပါယ်လေးပါးဆင်းရဲစတဲ့ ဆင်းရဲတွေ၊ ရာဂကြောင့် ပူလောင်ရတဲ့ဆင်းရဲ၊ ဒေါသကြောင့် ပေါက်ကွဲရတဲ့ဆင်းရဲ၊ မာနကြောင့် လဲပြိုရတဲ့ဆင်းရဲ၊ မနာလိုဝန်တိုမှု ကုက္ကုစ္စဝိစိကိစ္ဆာ မစ္ဆရိယကြောင့် အခြောက်တိုက် ပင်ပန်းနွမ်းနယ်ရတဲ့ဆင်းရဲစတဲ့ ဆင်းရဲတွေ၊ ဆင်းရဲဒုက္ခတွေအားလုံးဟာ ဟောဒီရုပ်နာမ်ခန္ဓာကို အမှီပြုပြီးတော့၊ ဟောဒီ ရုပ်နာမ်ခန္ဓာနဲ့ ဆက်စပ်ပြီးတော့ ဖြစ်ရတဲ့ဒုက္ခတွေချည်းပါပဲ။ ဒါ့ကြောင့် ဆင်းရဲဒုက္ခအစစ်ဟာ ခန္ဓာပါပဲ၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးပါပဲ။ (လောကုတ္တရာခန္ဓာ မပါဝင်ပါ။)

ဆင်းရဲကလည်း သိသိသာသာဆင်းရဲ၊ မသိမသာဆင်းရဲနဲ့ သိစရာဆင်းရဲဆိုပြီးတော့ သုံးမျိုးရှိပါတယ်။ သိသိသာသာဆင်းရဲဆိုတာကတော့ အိုခြင်း၊ နာခြင်းစတဲ့ လူတိုင်းသိတဲ့ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲမျိုးစုံပါပဲ။ ဆင်းရဲဆိုမှ တကယ့်ဆင်းရဲဖြစ်လို့ "ဒုက္ခ ဒုက္ခ"လို့ ခေါ်ပါတယ်။ ဒုက္ခမဟုတ်ပါဘူးလို့ ဘယ်သူမှ၊ ဘယ်လိုမှ ငြင်းပယ်လို့မရတဲ့ဆင်းရဲပါ။

မသိမသာဆင်းရဲဆိုတာကတော့ အများက ကောင်းတယ်၊ ချမ်းသာတယ်လို့ သတ်မှတ်ထားတဲ့ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ သုခဝေဒနာပါပဲ။ သုခအဖြစ်နဲ့ မတည်မြဲဘဲ ဒုက္ခအဖြစ် ဖောက်ပြန်ပြောင်းလဲသွားတတ်တဲ့ ဆင်းရဲဖြစ်လို့ "ဝိပရိနာမဒုက္ခ"လို့ခေါ်ပါတယ်။ ချမ်းသာလို့ တဒင်္ဂဏ ထင်ရတဲ့ဆင်းရဲပါ။

သိစရာဆင်းရဲဆိုတာကတော့ ဖြစ်ပျက်ဆင်းရဲပါပဲ။ သင်္ခါရလို့ခေါ်တဲ့ ရုပ်တရား၊ နာမ်တရားတွေရဲ့ ပင်ကိုသဘောသဘာဝဆင်းရဲဖြစ်လို့ "သင်္ခါရဒုက္ခ" လို့ခေါ်ပါတယ်။ ခေတ္တခဏလေးတောင် တည်တံ့ခိုင်မြဲမနေတဲ့ ရုပ်နာမ်ခန္ဓာရဲ့ ဖြစ်ပြီး ချက်ချင်းပျက်၊ ဖြစ်ပြီး ချက်ချင်းပျက်နေတဲ့ ဆင်းရဲပါ။ သံသရာဝဋ် ခန္ဓာညွှတ်မှ ကျွတ်လွတ်လိုသူတိုင်း မသိမဖြစ်သိအောင်လုပ်ရမယ့် ဆင်းရဲပါ။

ဒုက္ခဒုက္ခနဲ့ ဝိပရိဏာမဒုက္ခကိုသိရုံနဲ့ ခန္ဓာဆင်းရဲက မလွတ်မြောက်နိုင်သေးပါဘူး။ သင်္ခါရဒုက္ခကိုသိမှ ခန္ဓာဆင်းရဲက လွတ်မြောက်နိုင်ပါတယ်။ သင်္ခါရဒုက္ခကို သိမှ ခန္ဓာဆင်းရဲက လွတ်မြောက်နိုင်ပါတယ်။ သင်္ခါရဒုက္ခကို သအောင်လုပ်တဲ့နည်းကလည်း သတိပဋ္ဌာန်ဝိပဿနာတရားကလွဲလို့ တခြားမရှိပါဘူး။ ဒွါရခြောက်ပါးမှာ ပေါ်လာတဲ့ အာရုံခြောက်ပါးကို ပေါ်တိုင်းပေါ်တိုင်း၊ ပေါ်ခိုက်ပေါ်ခိုက်မှာ ပစ္စုပ္ပန်ကျကျ ရှုမှတ်သွားမယ်ဆိုရင် ရုပ်ခန္ဓာရဲ့ သင်္ခါရဒုက္ခကို သိမြင်နိုင်ပါတယ်။

မြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊ စားသမျှ၊ ထိသမျှ၊ သိသမျှအာရုံတွေကို မြင်တိုင်း၊ ကြားတိုင်၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ သိတိုင်း၊ မြင်ခိုက်၊ ကြားခိုက်၊ နံခိုက်၊ စားခိုက်၊ ထိခိုက်၊ သိခိုက်မှာ မြင်-မြင်တယ်၊ ကြား-ကြားတယ်၊ နံ-နံတယ်၊ စား-စားတယ်၊ ထိ-ထိတယ်၊ သိ-သိတယ်လို့ သတိပဋ္ဌာန်နည်းလမ်းအတိုင်း ဝိပဿနာရှုပွားသွားမယ်ဆိုရင် ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးကို ရှုပွားရာရောက်ပြီး သတိ၊ သမာဓိ၊ ဉာဏ်အားကောင်းလာတာနဲ့အမျှ ရုပ်နာမ်ကွဲ၊ ကြောင်းကျိုးသိ၊ ဖြစ်ပျက်မြင်၊ လက္ခဏာထင်ပြီး ခန္ဓာဆင်းရဲတို့ရဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ပါလိမ့်မယ်။

တစ်လောကလုံးရဲ့ အနှိုင်းမဲ့ကျေးဇူးရှင်ဖြစ်တဲ့ မြတ်စွာဘုရားရှင်က ခန္ဓာဆင်းရဲ၊ ခန္ဓာဝန်ထမ်းရခြင်းဆင်းရဲဟာ အနှိုင်းမဲ့ဆင်းရဲဖြစ်တယ်လို့ "နတ္ထိ ခန္ဓသမာ ဒုက္ခာ"ဆိုတဲ့ စကားတော်နဲ့ ဟောညွှန်ပြသထားတာမို့ လူသားတိုင်း၊ လူသားတိုင်း ခန္ဓာဆင်းရဲဆိုတဲ့ အနှိုင်းမဲ့ဆင်းရဲကို အကြွင်းမဲ့ ချုပ်ငြိမ်းအောင် ရုပ်သိမ်းနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ။

# ဟာသ

## အဆင့်ဆင့်ပေါ့

အမျိုးသမီးတစ်ယောက် ထိတ်လန့်ပြီး စိတ်လှုပ်ရှားနေတဲ့အသံနဲ့ ဆရာဝန်ကို ဖုန်းဆက်တယ်။
“ဆရာ၊ ဆရာ၊ ကျွန်မ ယောကျ်ားက ကြွက်တစ်ကောင်ကို မျိုချလိုက်တယ်၊ ဘာလုပ်ရမလဲဆရာ”
“ကျွန်တော် ချက်ချင်းလာခဲ့မယ်၊ သူ့ပါးစပ်ရှေ့မှာ ဒိန်ခဲတစ်ခဲပြပေးထားနော်” ဆရာဝန်ကပြောတယ်။
၁၅မိနစ်လောက်ကြာလို့ ဆရာဝန်ရောက်လာတာ အမျိုးသမီးက ငါးကြော်တစ်ကောင်ကို သူ့ယောကျ်ားပါးစပ်ရှေ့မှာ ရမ်းပြနေတယ်။
“ဒိန်ခဲပြရမှာလေ၊ ငါးကြော်မဟုတ်ဘူး”လို့ ဆရာဝန်ကပြောတယ်။
“ဆရာပြောတာသိပါတယ်၊ ခုဟာက ကြောင်ထွက်လာအောင် အရင်လုပ်နေတာ”တဲ့။

## ဆူ

ဖခင်။ ။ ငါ့သမီးကို ယူမယ့်ကောင်ရှိရင် ဆုချမယ်ကွာ။
ကောင်လေး။ ။ ဆုကို အရင်သိပါရစေခင်ဗျာ။

## စနစ်တကျ

မိခင်။ ။ စူဇီ၊ အသုပ်က အရသာသိပ်ဆိုးတာပဲ။ အရွက်တွေကို သမီးသေသေချာချာဆေးတာဟုတ်ရဲ့လား။
စူဇီ။ ။ စိတ်ချပါအမေ၊ ဆပ်ပြာနဲ့ဆေးတာပါ။

## ဓာတ်သိ

ဆရာ။ ။ တွမ်၊ မင်းမှာ တစ်ဒေါ်လာရှိတယ်၊ မင်းအဖေဆီက တစ်ဒေါ်လာတောင်းမယ်ဆိုရင် မင်းမှာ ငွေဘယ်လောက်ရှိမှာလဲ။
တွမ်။ ။ တစ်ဒေါ်လာ။
ဆရာ။ ။ မင်းသင်္ချာမတတ်ဘူးလား။
တွမ်။ ။ ဆရာအဖေ့အကြောင်း မသိဘူးလား။

## မခွာနိုင်ဘူး

သူ။ ။ ကိုယ်မင်းအနားက မခွာနိုင်တော့ဘူး။
သူမ။ ။ (ရှက်သွေးဖြန်းပြီး) ကိုယ့်ကိုသိပ်ချစ်နေပြီပေါ့နော်။
သူ။ ။ မဟုတ်ဘူး။ ကိုယ့်ခြေထောက်ကို မင်းနင်းထားလို့။

## သူ့တာဝန်

“မေမေ အားနီးလ်ကြောင့် ပြတင်းပေါက်မှန်ကွဲသွားပြီ”
“သူဘယ်လိုလုပ်လို့လဲ”
“သားက သူ့ကိုခဲနဲ့ပစ်တာ၊ သူက ရှောင်လိုက်တယ်လေ”

## ဖေဖေမသိစေနဲ့

သူ။ ။ မင်းကသာကိုယ့်ကို လက်မထပ်ရင် ငါ့ဦးနှောက်တွေကွဲကြေသွားမှာပဲ။
သူမ။ ။ တကယ်လား ဒါကို ဖေဖေကြားရင် ရယ်မှာပဲ။ ဖေဖေကရှင့်မှာ ဦးနှောက်မရှိဘူးလို့ အမြဲပြောနေတာ။

# ဗေဒင်

ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

Aug 20th မှ Aug 26th ကြား

အရာရာသတိနှင့် ဆောင်ရွက်ပါ။ အညံ့များအခက်အခဲများနှင့် ထိပ်တိုက်တွေ့မည်။ ဆန့်ကျင်ဘက်ပြုသူများနှင့် တွေ့မည်။ သိက္ခာထိခိုက်အောင်ပြောဆိုဝေဖန်သူများနှင့်တွေ့မည်။ ကိုယ့်အောက်ငယ်သူများမှ ကိုယ့်အပေါ် မရိုမသေပြုခြင်းကြုံမည်။ ဆောင်ရွက်နေသော ကိစ္စများသည်လည်း မူလစီစဉ်ထားသည်နှင့် လက်တွေ့ကွာဟမည်။ ဖရိုဖရဲဖြစ်မည်။ အိမ်တွင်လည်း ဆူပူခြင်း စိတ်ရှုပ်ရခြင်းရှိမည်။ ယာဉ် အန္တရာယ် သတိရှိပါ။ ယာဉ်နှင့်ပတ်သက်၍ အပျက်အစီးအကုန်အကျများမည်။ တပါးသူစကားရှုပ်ထွေးမှုကြောင့် အထင်မှား၊ အမြင်မှားကိစ္စများဖြေရှင်းရမည်။ မလိုအပ်ဘဲ ဆေးမထိုးရ။ ဤကာလအတွင်း ဝယ်ယူသော ဆေးများစနစ်တကျစစ်ဆေးပြီးမှ ဝယ်ပါ။ အာနိသင်ပျက်သောဆေးများ၊ အတုအယောင်ဆေးများနှင့်ကြုံ၍ အန္တရာယ်ကြုံနိုင်သည်။

ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

Aug 20th မှ Aug 26th ကြား

အခက်အခဲကြားမှ တိုးတက်မှုများရမည်။ တစ်ပါးသူနှင့်မတူသော ရှုထောင့်မှ လုပ်ကိုင်ဆောင်ရွက်ရင်း တိုးတက်မှုများရရှိမည်။ ငွေကြေး၊ လုပ်ငန်းရေးရာများတွင် ဆောင်ရွက်သမျှ အောင်မြင်သော အခါကောင်းဖြစ်သည်။ ဘဝအနေအထားသစ်တစ်ခုသို့ ကူးပြောင်းမည်။ အလွန်အရေးပါသော ဘဝအနေအထားတစ်ခုသို့ ရောက်ရှိမည်။ အပြိုင်အဆိုင် အတိုက်အခံများကို ကျော်လွှားပြီး မိမိအလိုရှိသော လမ်းကြောင်းကို အကောင်အထည်ဖော်နိုင်မည်။ သူတစ်ပါးအခက်ကြုံနေသော ကိစ္စရပ်များကို လိုက်လံကူညီဖြေရှင်းပေးရမည်။ အရောင်းအဝယ်ကိစ္စ၊ ငွေကြေးအပေးအယူကိစ္စများ၊ သတိနှင့်ဆောင်ရွက်ပါ။ ပစ္စည်းများ ဝယ်သော အခါ စနစ်တကျစစ်ဆေးပြီးမှ ဝယ်ယူပါ။ လူငယ်များအဖို့ အပေါင်းအသင်းဆိုးများ၏ ဆွဲဆောင်မှုကြောင့် အမှားအယွင်းများ ပြုမိတတ်သည်။ သတိရှိပါ။

မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

Aug 20th မှ Aug 26th ကြား

အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ရွေးချယ်စရာလမ်းကြောင်းများစွာအနက် လမ်းမှန်ကို ရွေးသောအခါ တစ်ပါးသူပေးသော အကြံဉာဏ်ဖြင့် ဆောင်ရွက်ရန်မသင့်ပါ။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် အရာရာဆောင်ရွက်ပါ။ မိမိဆောင်ရွက်ဆဲ ဦးတည်ချက်ကို ပို၍ပိုးအကျိုးရှိမည့်လမ်းကြောင်းများကို ဦးတည်သင့်သည်။ စကားအပြောအဆို မှားယွင်းတတ်သည်။ အလောတကြီး ကတိပေးတတ်သည်။ စကားနည်းနှုန်းနည်းလေ အကျိုးရှိလေဖြစ်သည်။ ဦးတည်လိုက်တိုင်း နေရာတိုင်းတွင် အနှောင့်အယှက်ပေးသူနှင့်တွေ့မည်။ ပြဿနာဟောင်းများ ဖြေရှင်းရမည်။ ပြီးဆုံးပြီဟု ယူဆထားသောကိစ္စများ ပြန်လည်အစကောက်ရမည်။ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး ဆက်ဆံသောသူနှင့် ဆက်ဆံရမည်။

ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

Aug 20th မှ Aug 26th ကြား

အခက်အခဲများ ပဋိပက္ခများနှင့် ထိပ်တိုက်ရင်ဆိုက်ဖြေရှင်းရခြင်းရှိမည်။ ဆန့်ကျင်ဘက်ပြုသောသူများနှင့် ကြုံမည်။ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေနှောင့်ယှက်သူများရှိမည်။ ကာလရှည်ကြာလက်တွဲသူများနှင့် စိတ်ဝမ်းကွဲခြင်း၊ လမ်းခွဲခြင်း၊ လက်တွဲဖြုတ်ခြင်းရှိမည်။ အကြောင်းအမျိုးမျိုးနှင့် ကတိကဝတ်ပျက်ယွင်းကာ သစ္စာမဲ့သောသူများနှင့်ကြုံမည်။ စကားကတိပျက်သူများနှင့်တွေ့မည်။ အလောတကြီးဆောင်ရွက်မှုများကြောင့် ငွေကြေးလက်လွှန်ဆုံးရှုံးမှုများ ဖြစ်တတ်သည်။ ငွေချေးကဆုံးမည်။ မိဘအကြီးအကဲကျန်းမာရေးချူချာမည်။ အလုပ်သစ်၊ စီးပွားသစ်များကို လုပ်ကိုင်၍ တိုးတက်ခြင်းရှိမည်၊ နေအိမ်နှင့် အလုပ်နေရာတို့တွင် နေရာချဲ့ခြင်း၊ အပြောင်းအလဲပြုခြင်းများဆောင်ရွက်နိုင်မည်။ မျက်စိနှင့်ပတ်သက်၍ ဆေးရုံ၊ ဆေးခန်းရောက်ရှိတတ်သည်။

နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

Aug 20th မှ Aug 26th ကြား

ရင်းနီးသူများနှင့် စကားအခြေအတင်ပြောရတတ်သည်။ အစွပ်အစွဲခံရခြင်းအပေါ် ဖြေရှင်းရခြင်းကြုံမည်။ မိသားစုအတွင်း မကြာခဏစကားများရခြင်းနှင့် အပြန်အလှန် ပဋိပက္ခဖြစ်ခြင်းရှိမည်။ ကိုင်တိုင်တွင်ဖြစ်စေ၊ မိသားစုတွင်ဖြစ်စေ ပြည်ပခရီးများ ပေါ်ပေါက်အကျိုးပေးမည်။ အချစ်ကံခေသော ကာလဖြစ်သည်။ အနှောင့်အယှက်ဆိုးများ ပေါ်တတ်သည်။ တစ်ပါးသူမသိအောင် လျှို့ဝှက်ထားသောကိစ္စများ ပေါက်ကြားတတ်သည်။ အမည်အလွဲသုံးစားလုပ်သော၊ ခုတုံးလုပ် ကိုယ်ကျိုးရှာသော သူများနှင့်ကြုံမည်။ မိမိကိုယ်မိမိယုံကြည်မှု လွန်ကဲနေတတ်သည်။ ထင်ရာစိုင်းနေတတ်သည်။ အရေးကြီးသောစာရွက်စာတမ်းများ ပြန်လည်ပြင်ဆင်ချုပ်ဆိုရမည်။ မောင်နှမသားချင်းများနှင့် ဆက်နွယ်ပြီး စိတ်သောကရောက်မည်။

အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

Aug 20th မှ Aug 26th ကြား

အပြိုင်အဆိုင်အားလုံးကို ကျော်လွှား၍ အောင်မြင်မှုများရလင့်ကစား စိတ်တွင်ပျော်ပိုက်မှုမရှိသလို ဖြစ်နေမည်။ လူနှင့် စိတ်မကပ်။ မည်သည့်ကိစ္စကို ဆောင်ရွက်စေ စူးစူးစိုက်စိုက် အာရုံထား၍ မရအောင်ဖြစ်နေမည်။ စိတ်လိုက်မာန်ပါ ပြောဆိုခဲ့သောစကားအပေါ်၌ စိတ်မကောင်းဖြစ်နေမည်။ အလောတကြီးပေးမိသော ကတိအပေါ်၌ ထိန်းရန် ခက်ခဲမည်။ စိတ်တိုဒေါသထွက်လွယ်မည်။ လူတိုင်းအပေါ်၌ မယုံသင်္ကာစိတ်နှင့် ဆက်ဆံနေလိမ့်မည်။ ငွေကြေးအကျိုးအမြတ် ကောင်းစွာရနိုင်သည့် အကြောင်းအရာနှင့် အလုပ်အချို့တို့အား ပစ်ပယ်၍ အိတ်ထဲမှ ငွေကို စိုက်ထုတ်ကုန်ကျ၍ ငွေမရသောကိစ္စများကို လိုက်လံဆောင်ရွက်ပေးလိမ့်မည်။ ဆန့်ကျင်ဘက်ပြုခြင်း၊ အတိုက်အခံပြုခြင်း၊ ခေါင်းမာတဇွတ်ထိုးနိုင်ခြင်းများ အခါတိုင်းထက်ပို၍ ပေါ်လွင်မည်။

စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

Aug 20th မှ Aug 26th ကြား

ဖရိုဖရဲ အစီအစဉ်မကျဖြစ်နေသော အကြောင်းအရာများကို လိုက်လံအဆင်ပြေအောင် ဆောင်ရွက်ကဆုံးရှုံးစရာများရှိမည်။ အရာရာသတိနှင့် ဆောင်ရွက်ပါ။ ငွေမချေးရ။ ဆုံးတတ်သည်။ ကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်းမပြုရ။ စိုက်လျော်ရတတ်သည်။ နေအိမ်အနီးအပါး သူခိုးပူမည်။ ညပိုင်းထက် နေ့ပိုင်းတွင် အခိုးခံရခြင်းဖြစ်တတ်သည်။ အနီးကပ် ဆွေမျိုးအကြီးအကဲ အမျိုးသမီး ကျန်းမာရေးချူချာမည်။ အလှူအတန်းတစ်ခု၌ မဆင်မခြင်အားပါးတရ မိမိနှင့်မတည့်သော အစားအသောက်များစားသုံးရာမှ ဝေဒနာကပ်ငြိခြင်းမျိုးဖြစ်မည်၊ လက်ဝတ်ရတနာအထားမှားမည်။ ပျောက်နေပြီဟု ယူဆပြီးမှ ပြန်တွေ့မည်။ နာရီပျက်မည်။ ဤသို့နိမိတ်များရှိက အထူးသတိရှိပါ။ ငွေကြေးကြီးကြီးမားမား တစ်စုံတစ်ရာ ပြဿနာကြုံတတ်သည်။

မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

Aug 20th မှ Aug 26th ကြား

ဆေးရုံ၊ ဆေးခန်းရောက်ကိန်းရှိသည်။ မိသားစုရေးရာကိစ္စအတွက် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်တတ်သည်။ အချိန်အခါမဟုတ်သော အိမ်ထောင်ရေးရာတစ်ခုနှင့် ဆက်နွယ်ပတ်သက်ခြင်း ရှိတတ်သည်။ စုပေါင်းလုပ်ငန်း လုပ်ရန် ကမ်းလှမ်းခံရမည်။ မလုပ်သင့်ပါ။ တစ်ပါးသူမှ မိမိအပေါ် ခုတုံးလုပ်အသုံးချ၍ ဒုက္ခပေးလိမ့်မည်။ အိမ်အနီးအပါးဖြစ်ပေါ်သော နာရေးတစ်ခုတွင် တတ်အားသမျှ သွား၍ကူညီပါ။ ရည်စူးမျှော်မှန်းစိတ်ကူးခြင်း မရှိဘဲ အလှူကိစ္စ ဆောင်ရွက်ရမည်။ ထိုကဲ့သို့ ဆောင်ရွက်ပြီး ကံဇာတာအညံ့လွတ်လာသည်။ ထူးခြားသောတိုးတက်မှုများ ဖြစ်လာမည်။ အလုပ်အကြံအောင်မည်။ မိခင်၏ မိတ်ဆွေ သို့မဟုတ် သားချင်းဆွေမျိုးများမှ ကောင်းစွာ အထောက်အကူရ၍ တိုးတက်ခြင်းရှိမည်။

ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

Aug 20th မှ Aug 26th ကြား

အကြံအစည်မှန်သမျှ အောင်မြင်၍ အခက်အခဲများကို ကျော်လွှားပြီး တိုးတက်မှုများရရှိမည်။ အနှောင့်အယှက် အတားအဆီးအားလုံးကို ကျော်လွှားပြီး အောင်မြင်မှုအဆင့်ဆင့်ရမည်။ ၅၂၈-၁၅၀၀ မေတ္တာရေးအလုံးစုံတွင် ထူးထူးခြားခြားကောင်းလာမည်။ မိမိအပေါ် စိတ်ကောင်းစေတနာကောင်းထား၍ လာရောက်ပူးပေါင်းသူများအား ဘုဂ္ဂလနဲ့ပြောဆို၍ ဆက်ဆံခြင်းမပြုသင့်။ အခါတိုင်းဆက်ဆံနေကျ မြှောက်ပင့်လိမ်ညာနေသူများနှင့် လားလားမှမတူ။ အမှန်တကယ် မိတ်ဆွေသစ်များ ရရှိမည်။ မိသားစုအတွက် ရည်ရွယ်ဦးတည်ပြီး လုပ်သောကိစ္စများမှ ကောင်းသောအကျိုးဆက်များ ရမည်။ ကျန်းမာရေးပိုင်းတွင် အညံ့အနည်းငယ်ရှိမည်။ အလှူအတန်းတစ်ခုသို့ သွားရောက်စဉ် သဲကြီးမဲကြီးမိုးရွာက ခေါင်းမှမိုးယိုခြင်း၊ ခေါင်းပျက်ခြင်း၊ သစ်ပင်လဲခြင်းများကို ကြုံတွေ့က ရက်ပိုင်းအတွင်း သတင်းကောင်းကြားရမည်။

ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

Aug 20th မှ Aug 26th ကြား

ဦးတည်ရာ၊ ဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက်၌ အပြိုင်အဆိုင်များနှင့် ရင်ဆိုင်ဖြေရှင်းရမည်။ စိတ်ပင်ပန်း လူပင်ပန်းဖြစ်မည်။ အနှောင့်အယှက်များမည်။ လမ်းကြောင်းပျောက်သော အဖော်မဲ့သူတစ်ဦးကဲ့သို့ ကြုံတွေ့ရမည်။ ကောင်းမယောင်နှင့်ဆိုးသည်။ အပြိုင်အဆိုင်များကို ထိပ်တိုက်ရင်ဆိုင်ရမည်။ စကားများမည်။ ပဋိပက္ခဖြစ်မည်။ ဆန့်ကျင်သူများနှင့်တွေ့မည်။ မှန်းထားသည်နှင့် လက်တွေ့ကွာမည်။ ဦးတည်လိုက်တိုင်း နေရာတိုင်းတွင် ဖြစ်လိုသည်များဖြစ်မလာဘဲ အလွဲလွဲအချော်ချော် ခက်ခက်ခဲခဲ ဆောင်ရွက်ရမည်။ ရသင့်လျက် ကြန့်ကြာနေသည့် ငွေကြေးများလက်ဝယ်ပြန်လည်ရလင့်ကစား ရရှိဖြစ်ပေါ်ခြင်း နောက်ကျသောကြောင့် အဆင်ပြေလင့်သလောက်မပြေသလိုဖြစ်မည်။ လမ်းသစ်ထွင်၍ ဆောင်ရွက်မှုများအောင်မြင်သောအနေအထားကြုံမည်။ တက်လမ်းများ အဆင့်ဆင့်ရရှိမည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

Aug 20th မှ Aug 26th ကြား

စေတနာကောင်းလင့်ကစား ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်းပြောတတ် လုပ်တတ်သူများနှင့်တွေ့တတ်သည်။ စိတ်ခံစားမှုအကဲမပိုသင့်။ လုပ်ကိုင်ရသော အရာမှန်သမျှကို အဓိကထား၍ လုပ်ကိုင်သွားပါ။ အခါတိုင်းထက်ပို၍ ကိုယ်ရည်ကိုယ်သွေးမြင့်မားမည်။ စနစ်တကျ အောင်မြင်တိုးတက်မှုများ ဖန်တီးနိုင်မည်။ အတတ်ပညာနှင့် ပတ်သက်သော ကံကောင်းမည်။ ပြည်ပတိုင်းတစ်ပါးနှင့် ဆက်နွယ်ပြီး တိုးတက်မည်။ နိုင်ငံရပ်ခြားသို့ ရောက်ရှိအကျိုးပေးမည်။ မူလစီစဉ်ထားသည့် ကိစ္စများကို လမ်းကြောင်းပြောင်း၍ လုပ်ကိုင်တိုးတက်မည်။ ကြုံတွေ့နေရသော အခက်အခဲအားလုံးကို ကိုယ်ပိုင်ဟန်နှင့် ဖြတ်သန်း၍ ပြီးမြောက်အဆင်ပြေသွားမည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

Aug 20th မှ Aug 26th ကြား

အခက်အခဲကြားမှ တိုးတက်မည်။ အစစအရာရာ အနှောင့်အယှက်များနှင့် ထိပ်တိုက်တွေ့မည်။ လူယုံဒုက္ခပေးတတ်သည်။ ယုံကြည်လွဲအပ်ထားသူများမှ လှည့်စားခြင်း၊ လိမ်ညာခြင်း ပြုတတ်သည်။ ပြဿနာဟောင်းများ တစ်မျိုးပြီးတစ်မျိုးဖြေရှင်းရမည်။ တစ်ခုထက်ပိုသောလုပ်ငန်းများ လုပ်ရမည်။ အမျိုးသမီးမိတ်ဆွေ တစ်ဦးထံမှ အထောက်အကူများကြုံပြီး ပြဿနာအချို့ပြေလည်အောင် ဖြေရှင်းရမည်။ မိသားစုနှင့် ပတ်သက်သော ကောင်းသတင်း၊ မင်္ဂလာသတင်းများ ကြုံတွေ့ရမည်။ ကျန်းမာရေးအညံ့ကြုံက ချက်ချင်းဆေးကုသမှုခံယူပါ။ ရောဂါဝေဒနာများကို ပေါ့ပေါ့ဆဆသဘောထားက အန္တရာယ်ဖြစ်တတ်သည်။

# အားကစား

## ဘောလုံး အကယ်ဒမီ မေလ တတိယပတ် ဖွင့်မည်

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မန္တလေးမြို့ရှိ ဘောလုံး အကယ်ဒမီကို မေလ တတိယပတ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အဆိုပါ ဘောလုံးအကယ်ဒမီမှ ကျောင်းအုပ်ကြီး ဦးစိုးညွန့်က ပြောကြားသည်။ ၁၅ ဧက ကျယ်ဝန်းသည့် ဘောလုံးအကယ်ဒမီတွင် သုံးထပ်ဆောင် ပါရှိပြီး ဘောလုံး အသင်း သုံးသင်းစာ နေနိုင်သည့် အဆောင်၊ လူ ၁၂၀ စားသောက် နိုင်သည့် စားဖိုဆောင်၊ မီးဖိုခန်းတို့ ပါရှိသည်။ နည်းပြများအတွက် အဆောင်သီးသန့် ပါရှိပြီး အထူးဧည့်သည်များ အတွက်လည်း သီးသန့်အခန်း ထားရှိသည်။ ထို့ပြင် စာသင်ဆောင်၊ ကာယကြံ့ခိုင်မှု လေ့ကျင့်ဆောင်၊ အစည်းအဝေးခန်းမ စသည်တို့လည်း ပါရှိသည်။ "ဒီအဆောက်အအုံကို ကနဦးက ရောရွှေဝါ ကုမ္ပဏီက တာဝန်ယူခဲ့ပြီး ရေမီး၊ landscaping ပိုင်းတွေကို Max ကုမ္ပဏီက တာဝန်ယူခဲ့ပါတယ်။ ဖွင့်ပွဲရက်ကို မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်က သတ်မှတ်မယ့် ရက်ကိုပဲ ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ၂၁ ရက်နေ့လို့ပဲ ခန့်မှန်းထားရတာပါပဲ" ဟု ပြောကြားသည်။ အဆိုပါ ဘောလုံး အကယ်ဒမီအတွက် ၁၁ နှစ်အောက် အယောက် ၃၀၊ ၁၃ နှစ်အောက် အယောက် ၃၀၊ ၁၅ နှစ်အောက် အယောက် ၃၀၊ ရွေးချယ် ထားပြီးဖြစ်ကာ နိုင်ငံခြား နည်းပြချုပ်တစ်ဦး၊ မြန်မာ နည်းပြသုံးဦးတို့က တာဝန်ယူ သင်ကြားပေးမည့်အပြင် မြန်မာ့ ဘောလုံး လက်ရွေးစင် အဖြစ် မွေးထုတ်ရန် ရည်စူး ဆောင်ရွက်ထားကြောင်း သိရသည်။ အဆိုပါ ဘောလုံးအကယ်ဒမီသည်မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်သိပ္ပံလမ်း တောင်ဘက်၌ တည်ရှိကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၁ ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖီဖာမှ အမျိုးသမီး ဘောလုံးကျွမ်းကျင်သူ လာရောက် အကူအညီပေးမည်

မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)မှ အမျိုးသမီး ဘောလုံးရေးရာ ကျွမ်းကျင်သူ ဂျာမနီနိုင်ငံသူ Mrs. Monika Staab သည် ရန်ကုန်မြို့သို့ မေ ၂၄ ရက်မှ ၃၁ ရက်အထိ လာရောက်ပြီး လိုအပ်သည့် ဆွေးနွေး သင်ကြား ကူညီမှု များ ပြုလုပ်သွားမည် ဖြစ်သည်။ မြန်မာအမျိုးသမီး လက်ရွေးစင် အသင်းများနည်းတူ အမျိုးသမီးအသင်းများကိုလည်း နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ပြန်လည်ရရှိစေရန် ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်နေသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် FIFA ထံသို့ မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများ ပေးရန် ဆက်သွယ် တင်ပြ တောင်းခံ ခြင်းကြောင့် ဂျာမနီ အမျိုးသမီး လက်ရွေးစင် ကစားသမားဟောင်းနှင့် နည်းစနစ် ညွှန်မှူးဟောင်းဖြစ်သူ FIFA Women Football Instructor Mrs. Monika Staab အားယခုကဲ့သို့ မြန်မာနိုင်ငံသို့ စေလွှတ်ခြင်း ဖြစ်သည်။ ၂၀၀၇ ခုနှစ်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ဖူးသည့် Mrs. Monika Staab သည် ရန်ကုန်မြို့၌ ရောက်ရှိနေစဉ်အတွင်း မြန်မာ့ လက်ရွေးစင် အမျိုးသမီးအသင်း၊ လူငယ် လက်ရွေးစင်အသင်းနှင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တက္ကသိုလ် လက်ရွေးစင်အသင်းများ၏ လေ့ကျင့် ပြင်ဆင်မှုများ၊ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုအခြေအနေများကိုစစ်ဆေး ကြပ်မတ် အကြံပြုမှုများ ပြုလုပ်သွားမည့်အပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်း မြန်မာ့အမျိုးသမီး ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်အလက်များကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်မည် ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာမျိုးဆက်သစ် လူငယ် ဂေါက်သီးသမားများ နိုင်ငံတကာ ပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်လျက်ရှိ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ဂေါက်သီး အားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် မြန်မာမျိုးဆက်သစ် လူငယ်ဂေါက်သီး အားကစား သမားများအား နိုင်ငံတကာပြိုင်ပွဲများသို့ စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်စေလျက် ရှိသည်။ မေလ ၁၄ ရက်မှ ၁၆ ရက်အထိမလေးရှားနိုင်ငံ Seremban International Golf Club ၌ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီးချန်ပီယံရှစ်ပြိုင်ပွဲသို့ နေဗလဝင်းမြင့်၊ ရန်မျိုးအေးနှင့် ယဉ်မေမျိုးတို့ပါဝင်သော ဂေါက်သီးအားကစားအဖွဲ့သည်လည်းကောင်း၊ မေ ၂၀ ရက်မှ ၂၃ ရက်အထိမလေးရှားနိုင်ငံ Damai Laut Golf & Country Club တွင်ကျင်းပမည့် 108th Malaysian Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ ဦးစိုးကျော်နိုင်နှင့်ဦးဆန်းထွန်းတို့ဦးဆောင်ကာကစားသမားများအဖြစ် နေဗလဝင်းမြင့်၊ရန်မျိုးအေး၊ စိုးမိုးဝင်း၊ ယဉ်မေမျိုး၊ မောင်မောင်ဦးနှင့် ရဲထက်အောင်တို့ ပါဝင်သော အဖွဲ့သည် လည်းကောင်း၊ မေ ၂၅ ရက်မှ ၂၇ ရက်အထိ မလေးရှားနိုင်ငံ Saujana Golf & Country Club တွင် ကျင်းပမည့် Kurina Saujana Amaterur Open Golf Championships 2010 ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ မေ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံ Seremban Internat -ional Golf Club ၌ ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီး ချန်ပီယံရှစ် ပြိုင်ပွဲ၌ မယဉ်မေမျိုးက (၇၄)ချက်၊ (၇၆)ချက်၊ (၇၄)ချက် စုစုပေါင်း (၂၂၄) ချက်ဖြင့် ပထမဆုရရှိခဲ့ကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## ၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဝင်ရန် မြန်မာအသင်း တရုတ်နိုင်ငံသို့ ထွက်ခွာ

၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၁၇ရက်နေ့က လေကြောင်းခရီးဖြင့် ပြိုင်ပွဲကျင်းပမည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြပြီ ဖြစ်သည်။ မေ ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် အဆိုပါ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)၌ပါဝင်ပြီး မြောက်ကိုရီးယား၊ဂျပန်၊ ထိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေရာ မေ ၂၀ ရက်တွင် ဂျပန်အသင်း၊ မေ ၂၂ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် မေ ၂၄ ရက်တွင် ထိုင်းအသင်းတို့ နှင့် အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။ အုပ်စု(ခ)တွင် အိမ်ရှင်တရုတ်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် ဗီယက်နမ်တို့ ပါဝင်ပါသည်။ မြန်မာအသင်းမှာ ထိုင်းနှင့် ဗီယက်နမ်တို့ နည်းတူ ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ယင်းခြေစစ်ပွဲတွင် ဂျော်ဒန်ကို သုံးဂိုး - ဂိုးမရှိ၊ တရုတ်(တိုင်ပေ)ကို ငါးဂိုး-နှစ်ဂိုးတို့ဖြင့် နိုင်ကာအုပ်စုပထမဖြင့် ယခုပြိုင်ပွဲသို့ဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် နည်းပြချုပ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြ ဦးမျိုးမြင့်ထွေး၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ အသင်းဆရာဝန် ဒေါက်တာခင်စောရီနှင့် ကစားသမားအဖြစ် ဂိုး- မေခင်ယမင်း၊ သင်းသင်းစိုး၊ နောက်တန်း- မြင့်မြင့်အေး၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ နန်းနင်းနင်းထွေး၊ နေဇာလင်းလင်းအောင်၊ မိုးမိုးဝါ၊ အလယ်တန်း- သူဇာထွေး၊ စန်းယုနိုင်၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ အေးအေးမာ၊ သန္တာမိုး၊ ခင်မိုးဝေ၊ ရှေ့တန်း- မိုင်နီလာထွေး၊ မာဂရက်မေရီ၊ ခင်မာလာထွန်း၊ ရီရီဦးနှင့် နော်အေးလိုဝါးဖောစသည့်ကစားသမား(၂၀) ဦး လိုက်ပါ သွားကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

# အနုပညာ

## အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး သေချာရင်လျှို့မထားပါဘူးဆိုတဲ့ အိန္ဒြာကျော်ဇင်

မေး - ခုတလောမှာ အူဝဲရဲ့အချစ်ရေးကို ပရိသတ်တွေပိုစိတ်ဝင်စားနေကြတဲ့အပေါ် . . .

ဖြေ - အနုပညာရှင်ဆိုတော့ ပရိသတ်သိတယ်။ သူတို့အားပေးတဲ့အနုပညာရှင်အပေါ် စိတ်ဝင်စားကြတာထုံးစံပါပဲ။ ခုလည်း အူဝဲရဲ့အချစ်ရေးကို သူတို့စိတ်ဝင်စားနေကြတယ်ဆိုတဲ့အသံ ပြန်ကြားရပါတယ်။ တချို့ကလည်း တစ်ဆင့်စကားတစ်ဆင့်နဲ့ စကားတွေကားသွားတာမျိုးလည်းရှိပါတယ်။ အူဝဲလည်း အထွေအထူးတော့ ဘာမှ မပြောချင်တော့ဘူး။ လောကကြီးမှာ ဘယ်အရာမှ တရားသေမရှိဘူးလေ။ အူဝဲဘက်က အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး သေချာရင်တော့ လျှို့မထားပါဘူး။ ပရိသတ်ကို ဖွင့်ပြောမှာပါ။ အသိပေးမှာပါ။ ခုခေတ်ပရိသတ်က နားလည်မှုတွေအများကြီးရှိလာပါပြီ။ အနုပညာက အနုပညာ Personal က Persnonal သတ်သတ်စီခွဲခြားမြင်တတ်လာပါပြီ။ အိမ်ထောင်ပြုဖြစ်ရင်လည်း ကိုယ်တွေက ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုတာမျိုးလည်း မဟုတ်ဘူးလေ။ ခုကိုယ့်အသက်အရွယ်က အိမ်ထောင်ပြုသင့်တဲ့အရွယ်ထက်တောင်ကျော်နေပြီ ထင်တယ်။ အပျိုကြီးစာရင်းတောင်ဝင်နေပြီပဲလေ။

မေး - အိမ်ထောင်ပြုဖြစ်ခဲ့ရင် အနုပညာအလုပ်တွေအပေါ် အရှိန်လျော့သွားမလားလို့ စိုးရိမ်နေကြတဲ့အပေါ် . . .

ဖြေ - လူလွတ်တစ်ယောက်က တစ်ချိန်ချိန်မှာ အိမ်ထောင်ပြုဖြစ်မှာပဲလေ။ သူက ဘယ်ဝန်းကျင်ကလူဖြစ်ပါစေ၊ အိမ်ထောင်ပြုလိုက်တာနဲ့ ကိုယ်နှစ်သက်စွာနဲ့ရွေးချယ်ခဲ့တဲ့အလုပ်မှာ လျော့သွားမှာတော့ မဟုတ်ဘူးလို့ အူဝဲမြင်ပါတယ်။ (၂၀၁၀ခုနှစ် ဩဂုတ်လ ၂၂ရက်နေ့ထုတ် 24/7 News ဂျာနယ်)

## ဖေ့စ်ဘွတ်ပေါ်ရှိ ဖြူဖြူကျော်သိန်းအကောင့် အစစ်မဟုတ်ဟုဆို

လူမှုဆက်သွယ်ရေးကွန်ရက်ဝက်ဘ်ဆိုက် ဖေ့စ်ဘွတ်ကို ဖြူဖြူကျော်သိန်းက သုံးလေ့မရှိကြောင်းနှင့် ယခု အင်တာနက်တွင်တွေ့နေရသော ဖြူဖြူကျော်သိန်းအမည်ဖြင့် ဖေ့စ်ဘွတ်အကောင့်မှာ သူမကိုယ်ပိုင်အကောင့် မဟုတ်ကြောင်း ပြောသည်။ "အစ်မက ဖေ့စ်ဘွတ်မသုံးပါဘူး။ အခုအင်တာနက်က ဖြူဖြူကျော်သိန်းနာမည်နဲ့ ဖေ့စ်ဘွတ်က အစ်မမဟုတ်ဘူး။ ဒါကိုလွန်ခဲ့တဲ့နှစ်လလောက် အစ်မခရီးမသွားခင်က ပြည်တွင်းဂျာနယ်တချို့မှာ ဖြေရှင်းခဲ့တယ်။ ကြားကနေ သူက ဆက်ဆံပေးတာဆိုတော့ ကိုယ့်အတွက် ချက်ချင်းဒုက္ခတော့ မပေးနိုင်ပေမယ့် ကိုယ့်အစားပြောပေးလုပ်ပေးနေတဲ့သူက ပရိသတ်က ဝေဖန်တာမျိုးကို နားမလည်ဘဲ အပြောအဆိုမှားသွားင် ပရိသတ်က အထင်မှားရင် မကောင်းဘူး။ အစ်မကျတော့ ကိုယ့်ပရိသတ်ကို ဘယ်လိုဆက်ဆံမယ်၊ ဘယ်လိုကိုင်တွယ်မယ်၊ ဘယ်လိုလေးစားမယ်ဆိုတာ သိတယ်လေ။ အခက်အခဲအများကြီးဖြစ်နိုင်တယ်။ ရေရှည်အတွက် မကောင်းဘူး။ အစစ်ကြီးထင်ပြီး မှားတာမှန်တာ အကုန်အစ်မလို့ထင်သွားရင် ပရိသတ်အတွက် မကောင်းဘူးပေ့ါ။ ကိုယ့်အတွက်သူ လုပ်ပေးတာက ကောင်းနေရင်ကိစ္စမရှိဘူး။ တစ်ခုခုမှားသွားရင် အစ်မအတွက် မကောင်းပါဘူး"ဟု ဖြူဖြူကျော်သိန်းကပြောသည်။

(၂၀၁၀ခုနှစ် ဩဂုတ်လ ၁၉ရက်နေ့ထုတ် 7 Day News ဂျာနယ်)